ကြေးမုံ

The Mirror

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (2-3-2008) (၅၆၁၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး ဦးတည်အကောင်အထည်ဖော်လျက်ရှိ ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပေါ်ထွန်းရေးကို ဖော်ဆောင်မည့် အမျိုးသားညီလာခံကြီးတွင် တောင်သူလယ်သမားကိုယ်စားလှယ်ကြီးများ တက်ကြွစွာပါဝင်ပြီး အောင်မြင်ပြီးမြောက်သည့်အထိ ကြိုးပမ်းထမ်းဆောင်ခဲ့

နေပြည်တော်　　မတ်　　၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၈ ခုနှစ် တောင်သူလယ်သမားနေ့ သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

ယနေ့သည် မြန်မာ့တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသတ်မှတ်ထားသည့် မတ်လ ၂ ရက် **"တောင်သူလယ်သမားနေ့"**ဖြစ်ပါသည်။ ဤမင်္ဂလာရက်မြတ် အခါသမယတွင် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် အမျိုးသားစီးပွားရေး ဘဝအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးမူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပထဝီဝင်အနေအထား၊ ရာသီဥတုအခြေအနေနှင့် လူ့စွမ်းအားအရင်းအမြစ်များ တည်ရှိမှုအရ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

နိုင်ငံတော်၏ ကြီးမားသော ကုန်ထုတ်လုပ်မှုကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေး ကဏ္ဍ တိုးတက်ဖြစ်ထွန်းရေးတွင် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ပြည်သူများ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု ခံယူဆောင်ရွက်နေ

နေပြည်တော်　မတ်　၁

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နဝမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေး ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Mr. Fierre-Andre Conod နှင့် အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နဝမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၀၈ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ The Mirror

၂-၃-၂၀၀၈
(တနင်္ဂနွေနေ့)

ခေတ်မီစိုက်ပျိုးရေး နည်းပညာများ အသုံးပြု နိုင်ငံ့စီးပွား တိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

၂၀၀၈ ခုနှစ် မတ်လ ၂ ရက်(ယနေ့)သည် တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသတ်မှတ်ထားသည့် တောင်သူလယ်သမားနေ့ဖြစ်သည်။

နိုင်ငံ၏ လူဦးရေအများစုသည် တောင်သူလယ်သမားများဖြစ်ရာ နိုင်ငံတော်အစိုးရက ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်က တိုးတက်မြင့်မားစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စီမံဖော်ဆောင်ပေးနေသည်။

အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်မြင်စေရေး အခါမလပ် ကူညီပံ့ပိုးပေးလျက်ရှိရာ စိုက်ပျိုးရေရရှိရေး အပါအဝင် မျိုးကောင်းမျိုးသန့်၊ တစ်ဧကအထွက်နှုန်းကောင်း သီးနှံမျိုးများ၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် ရရှိအသုံးပြုနိုင်ရေး ဖြည့်ဆည်းအားပေးကူညီလျက်ရှိသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ ဆည်တမံ၊ ရေထိန်းတံခါး၊ ရေလွှဲဆည်ပေါင်း ၂၀၈ ခု၊ မြစ်ရေတင်လုပ်ငန်း ၃၀၅ ခု၊ မြေအောက်ရေရရှိရေး လုပ်ငန်း ၇၅၇၈ ခု နှင့် ကျေးလက်ဆည်ငယ်၊ ကန်ငယ်များကို တည်ဆောက်ပေးထားပြီးဖြစ်ရာ သီးနှံစိုက်ခွင်းအား တိုးတက်လာလျက်ရှိသည်။ မိုးစပါး၊ နွေစပါး၊ ဆီထွက်သီးနှံများ၊ ပဲအမျိုးမျိုးနှင့် ဝါ၊ ကြံစသည့် သီးနှံစုံ စိုက်ပျိုးနေကြပြီဖြစ်သည်။

ဆန်စပါးနှင့် ပဲမျိုးစုံ ပြည်ပဈေးကွက် ကောင်းမွန်နေသဖြင့် ပိုလျှံသည်များကို တင်ပို့ရောင်းချလျက်ရှိသည်။ ဒေသတွင်း နိုင်ငံအချို့၏ ဆန်လိုအပ်ချက် မြင့်မားလာမှုနှင့်အတူ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နေသော လက်ရှိပဲဈေးကွက် အလားအလာအရ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် နိုင်ငံတော်၏ အားပေးပံ့ပိုးမှုများနှင့်အတူ သီးထပ်သီးညှပ်သီးနှံများ တိုးချဲ့စိုက်ပျိုးခြင်း၊ တစ်ဧကအထွက်နှုန်းကောင်း သီးနှံမျိုးများသုံးစွဲခြင်း၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းတို့ဖြင့် နိုင်ငံ့စီးပွားတိုးမြှင့်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် ထေရဝါဒ ဗုဒ္ဓသာသနာပြု ရဟန်းတော်များ သင်တန်းအမှတ်စဉ်(၁၈)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှု အခြေခံပညာပေး သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲကို တက်ရောက်ကြည့်ရှုစဉ်။
(သတင်းစဉ်)

ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်းတော်များ သင်တန်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၁

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ထေရဝါဒဗုဒ္ဓသာသနာပြု ရဟန်းတော်များ သင်တန်းအမှတ်စဉ် (၁၈)နှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေး သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကင်းမြို့နယ် ဓမ္မိကာရာမ ကျိုက်ပိကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလာဘိဝံသက သင်တန်းဆင်း ဩဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်များကို လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသက သင်တန်းသားရဟန်းတော်များအား သင်တန်းဆင်းလက်မှတ်နှင့် တိုင်းရင်းဆေး သင်တန်းဆင်း လက်မှတ်များကို ချီးမြှင့်တော်မူသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်က သင်တန်းနည်းပြများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အဆိုပါ သင်တန်းများသို့ သင်တန်းသား သံဃာတော် ၂၃ ပါး တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက တိုင်းရင်းဆေးများနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။ (သတင်းစဉ်)

ဦးဝင်းကိုအား ရည်စူး၍ ဇနီးဖြစ်သူ ဒေါ်ခင်ရီ မိသားစု တွံတေးမြို့ မင်းပိုင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမှ တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရ ပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်း လက်ခံယူစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ အဘိုး(ဦးထွန်းရှိန်)-အဘွား(ဒေါ်အိ)၊ အဘိုး(ဦးသောင်းတင်)-အဘွား(ဒေါ်ခင်မြင့်)တို့အား ရည်စူး၍ ခေတ္တစင်ကာပူနေ မြေးဖြစ်သူ ဒေါ်ခင်နှင်းဖွေး ကိုယ်စား ရန်ကုန်မြို့ ရွှေပေါက်ကံမြို့သစ်နေ ဆရာ ဦးအေးသိန်း-ဒေါ်အေးအေးမြင့်တို့က အလှူငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် (ဆိပ်ဖြူ) အရှင် ကုမာရ(မဟာဓမ္မာစရိယ)(M.A)(Thesis)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကုန်သည်စက်မှုအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး နေပြည်တော်၌ ကျင်းပမည်

ရန်ကုန် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် **(UMFCCI)**၏ (၁၇) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို မတ် ၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ အသင်းသားများ၊ ပြည်နယ်နှင့် တိုင်းများရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းများ၊ နယ်စပ်ကုန်သွယ်ရေး ကုန်သည်အသင်းများ၊ ကုန်ပစ္စည်းအလိုက်၊ လုပ်ငန်းအလိုက် အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ လိုက်ပါကြမည့် ပုဂ္ဂိုလ်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဖုန်း-၂၁၄၃၄၄ သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်မြို့ ဦးဇိနဆံတော်ရှင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် မတ် ၁

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ဦးဇိနဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ပဌမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ပဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ တပေါင်းလပြည့်နေ့တွင် ဆွမ်းတော်ကြီးတင်လှူပွဲ၊ ဆီမီးတစ်ထောင် ပူဇော်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက်တွင် အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်၌ ကျင်းပသည်။

ပွဲတော်ဖြစ်မြောက်ရေး ကော်မတီနာယက မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကား ပြောကြားသည်။ ပဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မတ် ၁၄ ရက်မှ ၁၉ ရက်အထိ ကျင်းပ၍ ပွဲတော်ရက်ကို မတ် ၂၀ ရက်နှင့် တပေါင်းလပြည့် မတ် ၂၁ ရက်တို့တွင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

အမက(၄) ပုဇွန်တောင်ကျောင်းမှ ၂၀၀၆-၂၀၀၇ ပညာရည်ချွန်ဆုပေးပွဲတွင် ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မအိမ့်သက်မှူးသိန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့် ဆုချီးမြှင့်စဉ်။
(ပညာရေး)

ဂုဏ်ပြုဆုချီးမြှင့်မည်

ရန်ကုန် မတ် ၁

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးသုံးဘာသာနှင့်အထက် ရရှိခဲ့ကြသော ရန်ကုန်တိုင်းအတွင်းရှိ ဟိန္ဒူဘာသာဝင်ကျောင်းသားကျောင်းသူများအား မတ်လ နောက်ဆုံးပတ်တွင် ဂုဏ်ပြုဆုများချီးမြှင့်မည်ဖြစ်ရာ ဆုရရှိသူများသည် မတ် ၁၅ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်(ယာယီ)ဥက္ကဋ္ဌ ဦးမောင်ရွှေ၊ အမှတ်-၇၇(ပထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း -၂၅၃၆၀၁ နှင့် ၂၄၅၂၀၁ သို့ အထောက်အထားစုံလင်စွာဖြင့် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။
(က-ပ)

*** ရှေ့ဖုံးမှ**

ဖက်ဒရေးရှင်းမှ Ms. Birdget Gardner နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူးများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ညီလာခံကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအသီးသီးကို စနစ်တကျ ချိတ်ဆက်ယှဉ်တွဲပြီး တစ်မျိုးသားလုံး၏ စုပေါင်းစွမ်းအားဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးတို့နှင့် လိုက်လျောညီစွာ လူမှုရေးကဏ္ဍတွင်လည်း ဟန်ချက်ညီညီ တိုးတက်မြင့်မားလာစေရန် အမျိုးသားရေးစွမ်းအားစုများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါလှကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လူမှုရေးကဏ္ဍတွင် ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်မှု၊ အမျိုးသားယဉ်ကျေးမှု မြတ်နိုးထိန်းသိမ်းမြှင့်တင်မှု စသည့် စိတ်ပိုင်းဆိုင်ရာ အခြေခံများ မြင့်မားခိုင်မာစေရန်နှင့် ပညာရေး၊ ကျန်းမာရေးစသော လူမှုရေးဖွံ့ဖြိုးတိုးတက်မှု အခြေခံများ တိုးတက်ဖြစ်ထွန်းလာစေရန်တို့ကို စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရင်း အမျိုးသားရေးစွမ်းအားစုများကို တစ်စုတစ်စည်းတည်းဖြစ်အောင် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ စုစည်းခိုင်မာပြီး လက်တွဲပူးပေါင်းဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းပေါင်းများစွာတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် သမိုင်းအစဉ်အလာကြီးမားပြီး ခေတ်အဆက်ဆက် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ရှေ့တန်းကျကျ သယ်ပိုးဆောင်ရွက်သော စေတနာ့ဝန်ထမ်း လူမှုရေးအသင်းကြီး တစ်သင်းဖြစ်သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် ပြည်သူများ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အပြင် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးကဏ္ဍများတွင်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး မိမိနိုင်ငံ၏ တရားဥပဒေဘောင်အတွင်း၌ လူမှုကရုဏာလုပ်ငန်းများကို နှစ်ပေါင်း ၇၀ ကျော်တိုင် စွမ်းစွမ်းတမံ ပါဝင်ကူညီဆောင်ရွက်ခဲ့သည့် အသင်းကြီးအဖြစ် သမိုင်းမော်ကွန်းတင်နိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီး၏ လှုပ်ရှားဆောင်ရွက်မှုများကို ကြည့်မည်ဆိုလျှင် မိမိတို့၏ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လှုပ်ရှားဆောင်ရွက်နေသကဲ့သို့ မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့သမိုင်းကြောင်းအခြေခံ၊ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက်နှုန်းစံများ၊ အမျိုးသားရေး ဝိသေသထူးခြားချက်များနှင့် ဆီလျော်ညီညွတ်စွာ လှုပ်ရှားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူများ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်မှုလုပ်ငန်းများ၊ ပြည်သူများ၏ လူမှုရေးဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရေးတာဝန်များကိုပါ ညီညွတ်တက်ကြွစွာ လှုပ်ရှားဆောင်ရွက်လျက်ရှိပြီး အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းနေသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးကို အခြားအမျိုးသားရေးအင်အားစုများနည်းတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်စေရန် အခြေအနေနှင့် အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အမျိုးသားအင်အားစုများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ စသည့် လူမှုရေးအသင်းအဖွဲ့များနှင့်ပါ လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းစေရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ကြက်ခြေနီလုပ်ငန်းများနှင့် ပူးပေါင်းပါဝင် ပံ့ပိုးဆောင်ရွက်သွားကြပါ၊ တိုးတက် ဖြစ်ထွန်းနေသည့် နည်းပညာရပ်များနှင့်အညီ နိုင်ငံတကာအဆင့်အတန်းနှင့် ရင်ပေါင်တန်းနိုင်သော လူ့စွမ်းအားအရင်းအမြစ်များ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၌ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် စနစ်တကျ စီမံဖော်ဆောင်ကြပါ။

တန်ဖိုးရှိသည့် အမျိုးသားရေးစွမ်းအားစုတစ်ရပ်ကို ဦးစီးဦးဆောင်ပြုနေကြသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင်များ၊ အမှုဆောင်များအနေဖြင့် အလွန်ထူးခြားမွန်မြတ်လေးနက်သည့် အမျိုးသားရေးတာဝန်တစ်ရပ်ကို မိမိတို့ ထမ်းရွက်နေသည်ဆိုသော ခံယူချက်ဖြင့် မိမိအသင်းကြီးတိုးတက်သည်ထက် တိုးတက်အောင်၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုး တိုးတက်ဖော်ဆောင်နိုင်အောင် ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး (၁)သည် နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်များ၊ ညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မသေသောသူနှင့် သေသောသူ

- ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းသည် သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်၏။
- ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းသည် ပူပန်ဆင်းရဲ အဖန်တလဲလဲ သေရခြင်း၏ အကြောင်းဖြစ်၏။
- ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူတို့သည် မသေရာ နိဗ္ဗာန်သို့ ရောက်ကြမည်ဖြစ်၍ မသေသောသူများဖြစ်ကြ၏။
- ကုသိုလ်ကောင်းမှု၌ မေ့လျော့သူတို့သည် အသက်ရှင်လျက်ရှိကြသော်လည်း အဖန်တလဲလဲ သေကြရဦးမည်ဖြစ်၍ သေသောသူနှင့်တူကုန်၏။

(ဓမ္မပဒ ၂၁)

ယင်းနောက် အတွင်းရေးမှူး(၁)သည် ညီလာခံ၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အသင်းဖွံ့ဖြိုးတိုးတက်ရေး၊ လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်ရေး၊ ဘေးဒုက္ခဆိုင်ရာစီမံခန့်ခွဲရေး၊ အသိပညာပေး ဆွေးနွေးတင်ပြခြင်းနှင့် ဖြန့်ဝေခြင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကြက်ခြေနီ သိုလှောင်ရုံ ၁၉ ခုပြမြေပုံ၊ ငွေကြေးအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အသင်း ဖွဲ့စည်းပုံ၊ လူထုဖွံ့ဖြိုးရေးစီမံချက်၊ ကျောင်းကြက်ခြေနီနှင့် ကျေးရွာအနှံ့ ကြက်ခြေနီခရီးဆန့်မည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

(သတင်းစဉ်)

အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နဝမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲတွင် ခင်းကျင်းပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကမာရွတ်သာသနာ့ရက္ခိတ ဆွမ်းလောင်းအသင်း ဆွမ်းအောင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁

ကမာရွတ်မြို့နယ် အမှတ်(၇) ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာ သာသနာ့ရက္ခိတဆွမ်းလောင်းအသင်း (၆၁)နှစ်မြောက် ဆွမ်းသိမ်းအောင်ပွဲ ဓမ္မပူဇာသဘင်အဖြစ် မတ် ၃ ရက်တွင် အရှင်တေဇာနန္ဒ(သာသနာ့ဓဇ ဓမ္မာစရိယ)၊ ၄ ရက်တွင် အရှင်ရာဇိန္ဒ(ရဝေနွယ် အင်းမ)၊ ၅ရက်တွင် အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)၊ ၆ရက်တွင် အရှင်ဆေကိန္ဒ (ဓမ္မဒူတ)နှင့် ၇ရက်တွင် အရှင်ပညာသီဟ (ရွှေညဝါဆရာတော်) တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူကြမည်။ မတ် ၈ရက်တွင် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ပြီး မဟာဒုက်နှင့် စာရေးတံမဲများ ကပ်လှူကာ ညနေပိုင်းတွင် ကျောင်းတိုက် ၁၂တိုက်မှ ပင့်သံဃာတော် ၂၁၂ ပါးတို့အား ဆွမ်းဆန်စိမ်း စုပေါင်းလောင်းလှူကြမည်ဖြစ်သည်။ (က-ပ)

၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်း တာမွေ၏ မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက်က ကျင်းပရာ စတုတ္ထတန်း(က-၂)မှ မမေဇင်ထက်အား ကျောင်းအုပ်ဆရာကြီး ဦးလှထွန်း သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။

(ပညာရေး)

ရန်ကုန်တိုင်း သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော် ဝတ္တကမြေအတွင်းရှိ နှစ်ကျိပ်ရှစ်ဆူ အာရုံခံတန်ဆောင်း၌ တည်ထားကိုးကွယ်သည့် မင်္ဂလာဘုရားနှင့် အအေးခံ ကျောက်ပြားခင်းရန်အတွက် သာကေတမြို့နယ် (၇)အရှေ့ရပ်ကွက် ပိတောက်ရွှေဝါလမ်းနေ နှစ်ဖက်မိဘများ အမှူးထား၍ ဦးဇော်ညွန့်(ဘောဂဗေဒ)-ဒေါ်တင်တင်နွဲ့၊ သမီး သွယ်သွယ်ထွန်း၊ သား ဇော်ဇော်ထွန်း မိသားစုတို့က အလှူတော်ငွေ ကျပ် ၂၇၀၀၀၀ ကို ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်း၊ ဦးမြမောင်(အဖွဲ့ဝင်)၊ ဦးငွေသန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အနောက်နိုင်ငံများ၏ ဝေဖန်ချက် ရုရှားဂရုမထားကြောင်းပြသ

မော်စကို ဖေဖော်ဝါရီ ၂၉

ရုရှားနိုင်ငံ ရွေးချယ်တင်မြှောက်ရေးကော်မရှင် အကြီးအကဲက တနင်္ဂနွေနေ့ သမ္မတရွေးချယ်ပွဲတွင် သမာသမတ်ရှိမှု၊ မရှိမှုနှင့်စပ်လျဉ်း၍ အနောက်နိုင်ငံများ၏ ဝေဖန်ချက်အပေါ် ဂရုမစိုက်ကြောင်း ပြသလိုက်ပြီး ဤဝေဖန်ချက်သည် ရုရှားနိုင်ငံကို တိုက်ရိုက်ဆန့်ကျင်သော နိုင်ငံတကာ လှုပ်ရှားမှုဖြစ်ကြောင်း ကြာသပတေးနေ့က ပြောကြားလိုက်သည်။

ပြောကြား

သမ္မတ ဗလာဒီမာပူတင် ရွေးချယ်ထားသော အရိုက်အရာဆက်ခံမည့်သူ ဒီမီထရီမက်ဗီဒက်ကို မျက်နှာသာပေးဘက်လိုက်စည်းရုံးလှုပ်ရှားမှုများကြောင့် ဤရွေးကောက်ပွဲသည် တရားမျှတမှုမရှိမှာကို စိုးရိမ်ပူပန်ကြောင်း မတ် ၂ ရက် ရွေးကောက်ပွဲကို လေ့လာမည့် အနောက်နိုင်ငံများအဖွဲ့က ပြောကြားသည်။

အခြားရွေးစရာမရှိ

ဥရောပပါလီမန် ကောင်စီမှ လေ့လာရေးအဖွဲ့ခေါင်းဆောင်အစ်ဒရေဂရော့(စ်)က ၎င်းတို့ လေ့လာသည့်အခါ ရွေးကောက်ပွဲ၏ အခက်အခဲများကို တွေ့လာရမှာဖြစ်ကြောင်း၊ ထိုအခါ ဝေဖန်ရမှာဖြစ်ကြောင်း အခြားရွေးစရာ မရှိကြောင်း ဗုဒ္ဓဟူးနေ့က ရိုက်တာသို့ ပြောသည်။

ဤဝေဖန်မှုများသည် ရုရှားပြည်ထောင်စုကို ဆန့်ကျင်သော နိုင်ငံတကာပေါ်လစီ၊ လှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ဗဟိုရွေးချယ်တင်မြှောက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဗလာဒီမာချူရော့ဗ်၏ ပြောကြားချက်ကို ကိုးကား၍ ရုရှားသတင်းဌာနများက ဖော်ပြကြသည်။

ဆက်လက်ဖော်ပြ

နိုင်ငံတကာလေ့လာသူ အချို့တို့သည် အကယ်စင်စစ်ဖြစ်ပေါ်နေသော အချက်အလက်များ မပါသည့်အဆင်သင့် ကောက်ချက်ချ ဝေဖန်ချက်များနှင့်အတူ ရုရှားသို့ လာရောက်ကြခြင်းဖြစ်ကြောင်း ဆက်လက်ဖော်ပြသည်။

ရေဒီယို၊ ရုပ်မြင်သံကြားတို့ကို ကရင်မလင်က ကြီးစိုးထားခြင်း၊ အစိုးရအရင်းအမြစ်များကို အသုံးချခြင်းတို့သည် မက်ဗီဒက်ကို ရွေးကောက်ပွဲ လှုပ်ရှားမှု၌ တစ်ဖက်သတ်ဦးဆောင်နိုင်ရန် ကူညီပေးနေသည်ဟု မက်ဒီဗက်၏ အတိုက်အခံတို့က ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

အင်ဒိုနီးရှားနိုင်ငံ၏ သကြားထွက်ရှိမှု ယခုနှစ်တွင် ယမန်နှစ်ထက်တိုးတက်မည်

ဂျကာတာ ဖေဖော်ဝါရီ ၂၉

အင်ဒိုနီးရှားနိုင်ငံ၏ သကြားထုတ်လုပ်မှုပမာဏမှာ ၂၀၀၇ ခုနှစ်တွင် တန်ချိန် ၂ ဒသမ ၄၄ သန်းရှိခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၂ဒသမ ၇ သန်းမှ ၂ ဒသမ ၇၉ သန်းအထိ မြင့်မားလာနိုင်ကြောင်း သကြားထုတ်လုပ်ရေးအသင်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အခြေပြု

သကြားထုတ်လုပ်မှုရာထားသတ်မှတ်ချက်ကို အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ ကြံစိုက်ခင်း ဟက်တာ ၄၃၃၀၀၀ စိုက်ထားရာမှ တန်ချိန် ၃၆ ဒသမ ၃ သန်းထွက်လာနိုင်မှုအပေါ် အခြေပြု၍ ပြုလုပ်ရခြင်းဖြစ်သည်ဟု အင်ဒိုနီးရှားသကြားပြည်ပတင်ပို့ရေးအသင်းက ပြောကြားသည်။

မျှော်လင့်ထား

၂၀၀၈ ခုနှစ်အတွင်း ကြံစိုက်ခင်းတစ်ဟက်တာလျှင် တန်ချိန် ၆ ဒသမ ၄၄ တန်ထိ ထွက်ရှိရန် မျှော်လင့်ထားသည်ဟု ဖော်ပြပါအသင်း ဒုတိယဥက္ကဋ္ဌကြားရေးမှူးချုပ်ဆူဝမ်ဒီကို ကိုးကား၍ အန်တာရာသတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းဈေးကွက်ကသကြားတန်ချိန် ပမာဏသည် ၂ ဒသမ ၆ သန်းအထိရှိနေပြီး ပြည်တွင်းတွင် သကြားဖူလုံမှု ရှိသည်ဟု ၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ ရေပေးဝေရေးလုပ်ငန်း တစ်နေရာကို ဖေဖော်ဝါရီ ၂၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

လူကုန်ကူးသော ဂိုဏ်းတစ်ဂိုဏ်းအား လော့စ်အိန်ဂျလိစ်တွင်ဖြိုခွင်း

လော့စ်အိန်ဂျလိစ် မတ် ၁

အမေရိကန်လူဝင်မှု ကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများက လော့စ်အိန်ဂျလိစ်နယ်မြေအတွင်းသို့ တစ်ပတ်အတွင်း လူပေါင်း ၁၀၀ကျော် ခိုးသွင်းလာသော ဂွာတီမာလာ လူကုန်ကူးသည့် ဂိုဏ်းတစ်ဂိုဏ်းကို ချေမှုန်းနိုင်ခဲ့ကြောင်း ကြာသပတေးနေ့က ပြောကြားသည်။

၁၃ ဦးကို စွဲချက်တင်

မကြာသေးမီနှစ်များအတွင်းက အနောက်ဘက်ကမ်းတွင် ဖော်ထုတ်နိုင်ခဲ့သော အကြီးမားဆုံးသော လူကုန်ကူးမှုတစ်ခုနှင့်စပ်လျဉ်း၍ ဂိုဏ်းခေါင်းဆောင်နှစ်ဦးအပါအဝင် ၁၃ဦးကို စွဲချက်တင်ထားကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနများမှ အရာရှိများက ပြောသည်။

တရားမဝင် ဝင်ရောက်လာသူ ၁၄၀ကျော်တို့ နေထိုင်လျက်ရှိသော လော့စ်အိန်ဂျလိစ်တောင်ပိုင်းမှ အိမ်နှစ်လုံးကို ၂၀၀၅ခုနှစ် မေလတွင် ရှာဖွေတွေ့ရှိပြီးနောက် သုံးနှစ်ကြာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

တရားရုံး၌ တင်ပြထားသော စာရွက်စာတမ်းများအရ လူဝင်မှုကြီးကြပ်ရေးဌာနမှ အရာရှိများက ဂွာတီမာလာလူမျိုးတို့ ကွပ်ကဲသော လူကုန်ကူးသည့်အဖွဲ့တစ်ဖွဲ့ကို ရှာဖွေဖော်ထုတ်ခဲ့သည်။ ထိုအဖွဲ့သည် အမေရိကန်-မက္ကဆီကိုနယ်စပ်ကို ဖြတ်ကျော်၍ အရီဇိုးနားပြည်နယ်မြို့တော် ဖီးနစ်သို့ ခိုးသွင်းလာသောသူများအား နေရာထိုင်ခင်းနှင့် သယ်ယူပို့ဆောင်ရေးကို တာဝန်ယူပေးသည်ဟု ဆိုသည်။

ပို့ဆောင်

၎င်းတရားမဝင် ခိုးဝင်လာသူများကို အရီဇိုးနားမှတစ်ဆင့် လော့စ်အိန်ဂျလိစ်သို့ ခေါ်ဆောင်လာပြီး ခေတ္တပုန်းခိုရာ အိမ်များတွင် နေရာချထားသည်။ ထိုအိမ်များမှနေ၍ အမေရိကန်တစ်နိုင်ငံလုံးရှိ မြို့အသီးသီးသို့ တစ်ဆင့် ပို့ဆောင်ပေးသည်။

၎င်းတရားမဝင် လာရောက်သူများသည် အမေရိကအလယ်ပိုင်းမှ အများဆုံးဖြစ်၍ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၂၀၀ မှ ၃၇၀၀ ထိ ပေးရသည်ဟု သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးနိုင်ငံ နဟားလ်ကီဘွတ်ရွာအနီး တိုက်ပွဲဝင်မည့် တင့်ကားများကို ဖေဖော်ဝါရီ ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်အနောက်မြောက်ပိုင်းခြောက်သွေ့သည့်ဒေသတွင် သီးနှံများကို ဖန်လုံအိမ်နည်းဖြင့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်

ယင်ချူအန် ဖေဖော်ဝါရီ ၂၉

တရုတ်နိုင်ငံအနောက်မြောက်ပိုင်းဒေသတွင် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို လွန်ခဲ့သည့် နှစ်နှစ်က ဖန်လုံအိမ်နည်းဖြင့် စိုက်ပျိုးခဲ့သူဝန်ဒီရန်သည် ယခုအခါ ၎င်း၏ဝင်ငွေတိုးလာပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ခြောက်သွေ့သည့် အရပ်ဒေသတွင်ခရမ်းချဉ်သီးနှင့် မက်မွန်သီးတို့ကို ဖန်လုံအိမ်နည်းဖြင့် စိုက်ပျိုးထားသည်။ အဆိုပါဒေသမှာ နေရောင်ခြည်ဓာတ်ထူးကဲစွာ ရရှိသောဒေသဖြစ်သည်။

ပြောကြား

ယမန်နှစ်က ဖန်လုံအိမ်နည်းဖြင့် စိုက်ပျိုးမှုကြောင့် ဝင်ငွေတိုးတက်ရရှိကြောင်း နင်ဇီယာဟူကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယန်ချီခရိုင်ဝမ်ဖောင် ရွာသား ဝမ်က ပြောကြားသည်။

တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိလယ်သမားများအကြား ဖန်လုံအိမ်နည်းဖြင့်စိုက်ပျိုးခြင်းသည်ရေပန်းစားလျက်ရှိသည်။ ဤနည်းဖြင့် စိုက်ပျိုးခြင်းသည် နေ၏ အပူစွမ်းအင်ကို အသုံးချနိုင်ရုံမျှမက ခြောက်သွေ့သောဒေသအတွက်ရေချွေတာရာလည်းဖြစ်သည်။ ထိုဒေသ များမိုးနည်းပါးလွန်းသည့်အတွက် ရေသုံးနည်းသော စိုက်ပျိုးနည်းသည် လိုက်ဖက်သော စိုက်ပျိုးနည်းပင်ဖြစ်သည်။

သက်သာ

ဖန်လုံအိမ်နည်းကို သုံးစွဲခြင်းသည် ရေကို ချွေတာစွာသုံးစွဲနိုင်သည့်အပြင်နှံစားသီးနှံစိုက်ပျိုးခြင်းနှင့်နှိုင်းစာလျှင် ရေသုံးစွဲမှုတစ်ဝက်မျှ သက်သာစေသည်။ အစိုးရက ဖန်လုံအိမ်စနစ်သုံးသူများအတွက် အမတော်ကြေးယွမ်၆၀၀၀ ထုတ်ပေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မြောက်ပိုင်းမှ ပီကေကေ သူပုန်များအား တိုက်ခိုက်ပြီး တူရကီနိုင်ငံအတွင်း ပြန်လာသော တူရကီတပ်ဖွဲ့များကို ဖေဖော်ဝါရီ ၂၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ချီကာဂိုမြို့ ဈေးဆိုင်များအတွင်း ပေါက်ကွဲမှုဖြစ် ကိုးဦး ဒဏ်ရာရ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၉

အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် ဈေးဆိုင်များအတွင်း ကြာသပတေးနေ့ညနေက ပေါက်ကွဲမှုဖြစ်ပွားရာ လူကိုးယောက် ဒဏ်ရာရရှိပြီး တစ်ယောက်ပျောက်ဆုံးနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုသည် ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့ကို ကိုးကား၍ ချီကာဂိုထရီဗြွန်းက ဖော်ပြသည်။

ဒဏ်ရာရသူ ကိုးဦးအနက် ရှစ်ဦးကို ဆေးရုံတင်ထားသည်။ ၎င်းတို့အနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး မှာစိုးရိမ်ဖွယ်ရာ ရှိနေသည်။

အလှပြင်ဆိုင်၊ တယ်လီဖုန်းစတိုးဆိုင်အပါအဝင် စတိုးဆိုင်သုံးဆိုင်၌ ပေါက်ကွဲမှုဖြစ်ရာ ဒဏ်ရာရသူအများစုသည် အလှပြင်ဆိုင်အတွင်းမှဖြစ်သည်။

အလှပြင်ဆိုင်မှ သတင်းအရ တစ်ယောက် ပျောက်ဆုံးနေကြောင်း မီးသတ်ဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန် စီးပွားရေးနှင့် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍ သမ္မတဘုရှ်နှင့် အိုဘားမားတို့ အပြန်အလှန် ဝေဖန်ပြောကြား

ဝါရှင်တန် မတ် ၁

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်နှင့် ဒီမိုကရက်တစ်ပါတီမှ အကြိုအခြေခံအဆင့် သမ္မတလောင်းရွေးပွဲတွင် ရှေ့ဆုံးမှပြေးနေသူ ဘာရက်အိုဘားမားတို့သည် နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံခြားရေးမူဝါဒများနှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၂၈ ရက်က သဘောထားအမြင်ချင်းမတူဘဲ တစ်ဦးနှင့်တစ်ဦး ဝေဖန်ပြောကြားခဲ့ကြသည်။

မိမိတို့နိုင်ငံ၏စီးပွားရေးသည်ကျဆင်းသည့် ဆုတ်ကပ်အဆင့်သို့ မရောက်သေးသော်လည်း နှေးကွေးသည့်အဆင့်မှာ ရောက်နေပြီဖြစ်သည်။ သို့သော် စီးပွားပျက်ကပ်အတွင်း ဦးတည်နေသည်ဟု မယူဆကြောင်း သမ္မတဘုရှ်က အိမ်ဖြူတော် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးအခြေအနေသည် ကျွန်ုပ်တို့မထိန်းချုပ်နိုင်သော အင်အားများ သက်ရောက်လျက်ရှိသည်။ သို့ဖြစ်၍ နိုင်ငံ၏စီးပွားရေးသည် ပျက်ကပ်၏နှုတ်ခမ်းဝပေါ်တွင်သာ ရပ်တည်နေလိမ့်မည်မဟုတ် ဟူသောအချက်ကို သဘောပေါက်သင့်သည်ဟု အီလီနွိုက်ဆီနိတ်တာ အိုဘားမားက တက္ကဆက်ပြည်နယ်၌ ပြောကြားသည်။

၎င်း၏ ပြောကြားချက်များသည် သမ္မတဘုရှ်၏ စီးပွားရေးအမြင်အပေါ် တုံ့ပြန်ပြောကြားခြင်းပင် ဖြစ်သည်ဟု ဆိုသည်။ အိုဘားမားက ၎င်းသာသမ္မတဖြစ်ခဲ့လျှင် ရန်သူနိုင်ငံများမှ ခေါင်းဆောင်များနှင့် ကြိုတင်စည်းကမ်းချက်မထားဘဲ တွေ့ဆုံဆွေးနွေးမည်ဟု ပြောကြားခဲ့ဖူးသည်။ ထိုသို့ပြုလုပ်ခြင်းသည် ပြည်ပနိုင်ငံများမှ ခေါင်းဆောင်များအနေဖြင့် အမေရိကန်နိုင်ငံ၏ သဘောထားအပေါ် အဓိပ္ပာယ်ကောက်လွဲမှားသွားနိုင်သည်ဟု ဘုရှ်က အိုဘားမားကို ဝေဖန်သွားသည်။

အကြိုအခြေခံသမ္မတလောင်း ရွေးချယ်ပွဲတွင် ဟီလာရီကလင်တန်သည် အိုဘားမား၏ ထိပ်တန်းပြိုင်ဘက်ဖြစ်သည်။ အိုဘားမား၏ နိုင်ငံခြားရေးမူဝါဒအပေါ် သဘောထားကို ကလင်တန်ကလည်း ပြင်းထန်စွာ ထိုးနှက်ခဲ့သည်။

အမေရိကန်၏ ရန်သူနိုင်ငံများတွင် အီရန်၊ ဆီးရီးယားနှင့် ကျူးဘားစသည့် နိုင်ငံများပါဝင်သည်။ အိုဘားမားအနေဖြင့် သမ္မတဖြစ်လာပါက ထိုနိုင်ငံများမှ ခေါင်းဆောင်များနှင့် တိုက်ရိုက်ဆွေးနွေးသွားရန် ရည်ရွယ်ချက်ရှိကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ ဒီမိုကရက်တစ်ပါတီ၏ အကြို အခြေခံသမ္မတလောင်းပြိုင်ပွဲဝင် ဆီနိတ်တာအိုဘားမားအား ထောက်ခံသူများနှင့်အတူ တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

ကင်ညာ၌ ညွန့်ပေါင်းအစိုးရဖွဲ့စည်းရန် သဘောတူ လက်မှတ်ရေးထိုး

နိုင်ရိုဘီ မတ် ၁

ကင်ညာအစိုးရနှင့်အတိုက်အခံပါတီတို့သည် ညွန့်ပေါင်းအစိုးရဖွဲ့ရန် ဖေဖော်ဝါရီ ၂၈ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း၊ အစိုးရနှင့်အတိုက်အခံပါတီကြား တစ်လတာညှိနှိုင်းမှု ပြုလုပ်ခဲ့ပြီးနောက် ဝန်ကြီးချုပ်ရာထူးနေရာကို ညွန့်ပေါင်းအစိုးရက ခန့်အပ်မည်ဖြစ်ကြောင်း ကင်ညာပဋိပက္ခဖျန်ဖြေပေးသူ ကိုဖီအာနန်ကပြောကြားသည်။

ကင်ညာနိုင်ငံအတွက် အစိုးရဖွဲ့စည်းပုံကို ယနေ့တွင် ညှိနှိုင်းမှုအောင်မြင်စွာ ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ သဘောတူလက်မှတ်ရေးထိုးပွဲအပြီး သတင်းစာရှင်းလင်းပွဲ၌ အာနန်က ပြောကြားသည်။

ဝန်ကြီးအဖွဲ့အတွင်း လုပ်ငန်းကြီးကြပ်မှုနှင့်ညှိနှိုင်းမှုတို့ကို ဝန်ကြီးချုပ်က ဆောင်ရွက်မည်ဖြစ်သည်။ ပါလီမန်အတွင်း ညွန့်ပေါင်းအစိုးရ သို့မဟုတ် အင်အားအကြီးဆုံး အတိုက်အခံပါတီမှ အရွေးချယ်ခံခေါင်းဆောင်သည် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က ပြောကြားသည်။

ဝန်ကြီးအဖွဲ့သစ်သည် ပါလီမန်တွင်းရှိ ပါတီများ၏ အင်အားကိုချိန်ညှိပေးမည့်အပြင် ညွန့်ပေါင်းအစိုးရတွင်ပါဝင်သော ပါတီများမှကိုယ်စားလှယ်နှစ်ဦးအား ဒုတိယဝန်ကြီးချုပ်အဖြစ် အသိအမှတ်ပြုမည်ဖြစ်သည်။

ထိုညှိနှိုင်းမှုများအရ အတိုက်အခံပါတီခေါင်းဆောင် အသက် ၆၂နှစ်ရှိ ရာလားအိုဒင်ဂါသည် ဝန်ကြီးချုပ်သစ်ဖြစ်လာမည်ဟု ယူဆထားကြသည်။

အာဖရိကအရှေ့ပိုင်းရှိ ကင်ညာနိုင်ငံသည် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၇ရက်က ကျင်းပသည့် ရွေးကောက်ပွဲတွင် အငြင်းပွားမှုဖြစ်ခဲ့ပြီးနောက် လူထုဆူပူအုံကြွမှုများပေါ်ပေါက်လာသည်။ ထိုအရေးအခင်းကြောင့် အိုးအိမ်ပစ်၍ ပြောင်းရွှေ့သွားသူ ၃၅၀၀၀၀ ရှိပြီး ၁၀၀၀ကျော် အသက်ဆုံးရှုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ညာနိုင်ငံတွင် ညွန့်ပေါင်းအစိုးရဖွဲ့စည်းရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲ၌ ပါတီနှစ်ခုမှ ခေါင်းဆောင်များနှင့် ကိုဖီအာနန်တို့အား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်နယ်စပ်ဒေသ ဒုံးကျည်ကျရောက် စစ်သွေးကြွ ၁၃ ဦး သေဆုံး

ဝါနာ(ပါကစ္စတန်) မတ် ၁

ပါကစ္စတန်နိုင်ငံ အယ်လ်ခိုင်ဒါစစ်သွေးကြွများ ခိုအောင်းရာဒေသရှိ အိမ်တစ်လုံးကို ဖေဖော်ဝါရီ ၂၈ ရက် စောစောပိုင်းက ဒုံးကျည်ထိမှန်ခြင်းကြောင့် နိုင်ငံခြားသားများအပါအဝင် စစ်သွေးကြွဟု သံသယရှိသူ ၁၃ ဦး သေဆုံးကြောင်း ထောက်လှမ်းရေးအရာရှိများနှင့် ဒေသခံများက ပြောကြားသည်။

အာဖဂန်နယ်စပ်ရှိ လူမျိုးစုဒေသဖြစ်သည့် ဝါဇီရစ္စတန်ပြည်နယ်တောင်ပိုင်းရှိ ကာလိုရှားကျေးရွာအနီး၌ ဖြစ်ပွားခဲ့သည်။ ၎င်းဒုံးကျည်သည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း စစ်ဆင်ရေးပြုလုပ်နေသည့် အမေရိကန် တပ်ဖွဲ့များ ပစ်ခတ်ခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ နယ်စပ်မှ ၂၅ကီလိုမီတာခန့်အကွာရှိ ယင်းအိမ်သည် အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန် စစ်အခြေစိုက်စခန်းနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိသည်။

ဝါဇီရစ္စတန်ပြည်နယ် မြောက်ပိုင်းတွင် ပြီးခဲ့သည့် ဇန်နဝါရီ ၂၈ ရက်က ဒုံးကျည်ထိမှန်မှုကြောင့် အိုစမာဘင်လာဒင်၏ ထိပ်တန်းစစ်ခေါင်းဆောင် တစ်ဦးဖြစ်သည့် အဘူလစ်ချ်အယ်လ်လီဘီ သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် အမေရိကန်၏ စစ်သုံးစရိတ် ဒေါ်လာ ၅ ထရီလီယံအထိ ရှိလာနိုင်

ဝါရှင်တန် မတ် ၁

အမေရိကန်တို့ အီရတ်နိုင်ငံ၌ဆင်နွှဲလျက်ရှိသော စစ်ပွဲ၏အသုံးစရိတ်သည် အမေရိကန် ဒေါ်လာသုံးထရီလီယံမှ ငါးထရီလီယံအထိ ရှိလာနိုင်သည်ဟု ထင်ရှားသော စီးပွားရေးပညာရှင်တစ်ဦးက ခန့်မှန်းသည်။

ထိုအသုံးစရိတ်တွက်ချက်မှုတွင် စစ်အသုံးစရိတ်များ၊ စီးပွားရေးအရ ဆက်စပ်နေသော ကုန်ကျမှုများ၊ စစ်ပြန်များအတွက် ထုတ်ပေးရသော ခံစားခွင့်များ၊ ဆေးဝါးကုသစရိတ်များ စသည်တို့ ပါဝင်သည်ဟုဆိုသည်။

အီရတ်စစ်ပွဲကြောင့် အမေရိကန် စီးပွားရေးအပေါ် ထိခိုက်မှုများနှင့် ပတ်သက်သည့် တွေ့ရှိချက်များကို ပညာရှင်ဂျိုးဇက်စကီပေလစ်ဇ်က ဖေဖော်ဝါရီ ၂၈ ရက်တွင် ကွန်ဂရက်ရှေ့မှောက်၌တင်ပြခဲ့သည်။ ၎င်းသည် ကိုလံဘီယာတက္ကသိုလ်မှ စီးပွားရေး ပါမောက္ခဖြစ်သည်။

ဆင်နွှဲနေရသော စစ်ပွဲ၏အတိုင်းအတာသည် ပြင်းထန်လာခြင်း၊ စစ်ကာလငါးနှစ်တာမျှ ကြာညောင်းလာခြင်းနှင့် အနည်းဆုံး နောက်ထပ်တစ်နှစ် ဆက်လက်တိုက်ခိုက်နေရန်အလားအလာရှိခြင်း စသည့်အခြေအနေများပေါ်မူတည်၍ ၎င်းက စစ်အသုံးစရိတ်ကို ခန့်မှန်းတွက်ချက်ထား ခြင်းဖြစ်သည်။

အီရတ်စစ်ပွဲအတွင်း အကြီးမားဆုံးသောပေးဆပ်ရမှုမှာ အသက်ဖြင့်ပေးဆပ်ရခြင်းပင်ဖြစ်သည်။ ယင်းစစ်ပွဲအတွင်း ယနေ့အထိ အမေရိကန်တပ်ဖွဲ့ဝင် ၃၉၇၃ဦးသေဆုံးရပြီး ၂၉၃၀၀နီးပါး ဒဏ်ရာရခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂါဇာတွင် ဟစ်ဘိုလာများ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရသွားသော အစ္စရေးတပ်ဖွဲ့ဝင်အချို့အား ရဟတ်ယာဉ် ဖြင့် သယ်ဆောင်လာသည်ကို မတ် ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖိလစ်ပိုင်တွင်မြေပြို၊ ရေလျှံမှုဖြစ်ပွား သေဆုံးသူအရေအတွက် ၄၅ ဦးအထိ မြင့်တက်

မနီလာ မတ် ၁

ဖိလစ်ပိုင်နိုင်ငံအရှေ့ပိုင်းဒေသတွင် မိုးဆက်တိုက်ရွာသွန်းပြီးမြေပြို၊ ရေလျှံမှုများ ဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူဦးရေသည် ၄၅ဦးအထိ မြင့်တက်လာခဲ့ကြောင်း ဖိလစ်ပိုင် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

သေဆုံးသူများမှာ ဘီကို၊ အရှေ့ဗီဆာယာနှင့် မင်ဒါနာအို ဒေသတို့မှဖြစ်ကြသည်ဟု အမျိုးသား သဘာဝဘေးအန္တရာယ်ကောင်စီ (အင်ဒီစီစီ) ကထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်။

ထိခိုက်ဒဏ်ရာရသူဦးရေလည်း မြင့်မားလာခဲ့ပြီး ပျောက်ဆုံးနေသူဦးရေသည် ၁၀ဦးမှ ရှစ်ဦးအထိလျော့ကျလာပြီဖြစ်သည်ဟုဆိုသည်။ ဗုဒ္ဓဟူးနေ့ညပိုင်းတွင် မြေပြို၊ ရေလျှံမှုဖြစ်ပွားသဖြင့် အိမ်ထောင်စုပေါင်း ၁၈၀ ၈၀၉စု သို့မဟုတ် လူ ၈၇၃၀၀၉ဦးအထိ ဒုက္ခရောက်ခဲ့ကြသည်ဟု အင်ဒီစီစီကပြောကြားသည်။ မြေပြို၊ ရေလျှံမှုကြောင့် အဆောက်အအုံနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးမည့် ငွေကြေးပမာဏသည် ခန့်မှန်းခြေအားဖြင့် ပီဆို ၁ ဒသမ ၃၁၂ဘီလီယံ (ဒေါ်လာ ၃၂ဒသမ၅၆သန်း)ရှိနိုင်သည်။ အိမ်ထောင်စု ၁၃၄၁၄၇စု သို့မဟုတ် လူ ၆၄၆၀၄၅ဦးကို ရွှေ့ပြောင်းရေးစခန်း ၁၀၉ခုတွင်ပြောင်းရွှေ့ထားသည်။ အိမ်ခြေ ၂၀၀၁အိမ် ပျက်စီးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တောင်သူလယ်သမားကြီးများအနေဖြင့် မိမိတို့၏လုပ်မှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုရည်မှန်းချက်များ အောင်မြင်ရေး ကြိုးစားဆောင်ရွက်

❖ **ရှေ့ဖုံးမှ**

အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေ ရရှိရေးအတွက် ရေလှောင်တမံ ၁၈၇ ခု၊ ရေထိန်း တံခါး ၂၁ ခု၊ မြစ်ရေတင်လုပ်ငန်း ၃၀၅ ခု၊ မြေအောက်ရေရရှိရေးလုပ်ငန်း ၇၅၇၈ ခုနှင့် ကျေးလက်ဆည်ငယ်ကန်ငယ် ၆၅၈ ခုတို့ကို နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား ကျခံသုံးစွဲ၍ တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးခဲ့ပါသည်။

ထို့ပြင် နိုင်ငံနှင့်အဝန်း ပလပ်မြေများ၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း ရေနက်ကွင်းများကို နည်းမျိုးစုံဖြင့် ဖော်ထုတ်စိုက်ပျိုးစေခြင်း၊ ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်စိုက်ပျိုးစေခြင်း၊ သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရန် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခြင်းတို့ကြောင့် သီးနှံစိုက်ဧရိယာများ တိုးပွားများပြားလာခဲ့ပါသည်။

ထိုသို့ တိုးတက်များပြားလာသည့် စိုက်ပျိုးမြေများကို အပြည့်အဝအသုံးချထုတ်လုပ်နိုင်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရန် လိုအပ်လာသည်နှင့်အညီ နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့က လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားကြီးများအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးအတွက် စိုက်ပျိုးမြေများတိုးချဲ့ရေး၊ တစ်ဧက သီးနှံအထွက်နှုန်းနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်ပျိုးရေးနည်းပညာနှင့် သီးနှံမျိုးများပံ့ပိုးရေး၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တောင်သူလယ်သမားကြီးများအနေဖြင့်လည်း မိမိတို့၏ လုပ်မှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် နိုင်ငံတော်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု ရည်မှန်းချက်များ ပြည့်ဝအောင်မြင်ရေးအတွက် ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် ချမှတ်၍ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကို ဦးတည်အကောင်အထည်ဖော်လျက်ရှိပါသည်။

အဆိုပါ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ခိုင်မာသည့်နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ထွန်းရေးကို ဖော်ဆောင်မည့် အမျိုးသားညီလာခံကြီးတွင် တောင်သူလယ်သမား ကိုယ်စားလှယ်ကြီးများ တက်ကြွစွာပါဝင်ကြပြီး အမျိုးသားရေးတာဝန်ကြီးကို အောင်မြင်ပြီးမြောက်သည်အထိ ကြိုးပမ်းထမ်းဆောင်ခဲ့သည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ခဲ့ရပါသည်။

သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးကိုရှေးရှုလျက် နိုင်ငံတော်၏ အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ရေးအတွက် လည်းကောင်း တောင်သူလယ်သမားကြီးများက တိုင်းရင်းသားပြည်သူများနှင့်အတူ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်သွားကြပါရန် လေးနက်စွာတိုက်တွန်းအပ်ပါသည်။ ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးထံ လှိုင်သာယာမြို့နယ် ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်ရှိ ဘောဂဝတီ ကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် မဟာတေဇမုနိစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

လှိုင်သာယာမြို့နယ် ငွေပင်လယ်ရေလုပ်ငန်း စက်မှုဇုန် မဟာတေဇမုနိစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ငွေပင်လယ်ရေလုပ်ငန်းစက်မှုဇုန်ရှိ ဘောဂဝတီ ကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် မဟာတေဇမုနိစေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် အဆိုပါစေတီတော်ရှိ သာသနာ့ဗိမာန်၌ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ စေတီတော်ဘက်စုံတည်ဆောက်ရေး လုပ်ငန်းကော်မတီဝင်များနှင့် အလှူရှင်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယအမှူးပြုသည့် ဆရာတော် သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စေတီတော်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူရှင်များဖြစ်ကြသည့် မြဝတီဘဏ်လီမိတက်က ငွေကျပ် ၂၅၁၅၀၈၀၀၀၊ ဇမ္ဗူလ သယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၁၁၀၊ ဦးညီကျော်က ငွေကျပ် ၁၀၅သိန်း၊ Rothmans of Pall Mall Myanmar က ငွေကျပ် ၁၀၅သိန်း၊ Myanmar Brewery Ltd. က ငွေကျပ်သိန်း၁၀၀၊ သိမ်ကြီးဈေးမှ ဦးတင်မောင်လွင်နှင့် ဦးခင်မောင်လွင်တို့က ငွေကျပ် ၆၅သိန်း၊ ဦးအောင်ကြည်က ငွေကျပ် ၆၂သိန်း ၅သောင်း၊ ဦးကျော်လွင်စိုးက ငွေကျပ် ၅၁သိန်း ၅သောင်း၊ မင်္ဂလာဈေးမှ ဦးထွန်းမြင့်နှင့်ယုဇနပလာဇာမှ ဒေါ်မော်မော်တို့က ငွေကျပ်သိန်း ၅၀စီ၊ လမ်းမတော်သံဈေးမှ ဦးရှိုးတီက ငွေကျပ် ၄၈သိန်း၊ ညောင်ပင်လေးဈေးမှ ဦးတင်လှိုင်၊ ဦးအောင်ဝင်း၊ ဦးမြထွန်းနှင့် ဒေါ်မြစိန်တို့က ငွေကျပ် ၄၅သိန်းစီ၊ လမ်းမတော်ဈေးမှ ဦးထွန်းထွန်းက ငွေကျပ်သိန်း ၄၀၊ ကြည့်မြင်တိုင်ကမ်းနားဈေးမှ ဦးလှအေး-ဒေါ်အေးသိန်းတို့က ငွေကျပ် ၃၅သိန်း၊ မြန်မာပေါ်စကိုစတီးကုမ္ပဏီနှင့် ဦးရန်ဟော်တို့က ငွေကျပ်သိန်း၃၀စီ၊ ဒေါ်သက်ထားဆွေက ငွေကျပ် ၂၅သိန်း အပါအဝင် အလှူရှင် ၁၀၁ဦးတို့က စုစုပေါင်း ငွေကျပ် ၂၁၂၂၈၀၈၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး တင်အေးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် စေတီတော် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်အောင် (အငြိမ်းစား) က အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကင်းဓမ္မိကာရာမ ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံမှ အနုမောဒနာတရားနာကြားကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက် သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ မဟာတေဇမုနိ စေတီတော်မှာ ဉာဏ်တော် ၈၁ပေ အမြင့်ရှိပြီး ယခုအခါ မြစ်ရေကာ ကျောက်စီနံရံ တံတိုင်းတော်နှင့် စေတီယမဂ္ဂရင်ပြင်ပတ်လည် လမ်းတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၃-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၅ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Say It In English.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၁း၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂း၀၅ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "တစ်နေ့သော နေသာချိန်" (လူမင်း၊ ပန်းဖြူ၊ မျိုးစန္ဒီကျော်) (ဒါရိုက်တာ-နေပိုင်)**
- ၂း၀၀ ၆။ အတီးပြိုင်ပွဲ
- ၂း၁၀ ၇။ တေးဂီတအစီအစဉ်
- ၂း၂၀ ၈။ "ရေမြင့်-ကြာတင့်" (ခန့်စည်သူ၊ ဧရာ၊ ၄က်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ၊ မျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၂း၃၅ ၉။ အသွင်သဏ္ဌာန်တောက်သည့် သဇင်တန်ပေါက်တံတား
- ၂း၄၅ ၁၀။ International News.
- ၃း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ English for Everyday Use.
- ၄း၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)**
- ၅း၀၀ ၅။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၃ခုနှစ်)
- ၅း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅း၂၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ **တေးဂီတအစီအစဉ်**
- ၆း၅၀ ၁၁။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူအားမာန်" (အပိုင်း-၁၈)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၆)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကျောင်းပြုပြင်တည်ဆောက်ရေးအတွက် ဘိလပ်မြေအိတ်များ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ သည်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်ပျဉ်းမနားခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့်အတူ ဖေဖော်ဝါရီ ၂၉ရက်နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားရှိ ခေမာသီဝံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ရောက်ရှိကြပြီး ရှေးဦးစွာ ပရဟိတဂေဟာ ဘုန်းတော်ကြီးကျောင်းဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ တေဇနိယအားဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ နေပြည်တော် ပျဉ်းမနားရှိ ခေမာသီဝံလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ စက်ရေတွင်း တူးဖော်မည့် မြေနေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ခေမာသီဝံ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာရှိ စက်ရေတွင်းတူးဖော်မည့် မြေနေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် နေပြည်တော် ပျဉ်းမနားမြို့နယ် ပုရွက်ဆိတ်ကုန်း ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျေးရွာဒေသခံပြည်သူများအားတွေ့ဆုံ အမှာစကား ပြောကြားပြီး ကျောင်းဆောင် ပြုပြင်တည်ဆောက်ရန်အတွက် ဘိလပ်မြေ ၇၅ အိတ်ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မူလတန်းကျောင်း ပြန်လည် ပြုပြင်တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးမှာကြားသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် နေပြည်တော်ပျဉ်းမနား မြို့နယ် သစ်လေးလုံးကျေးရွာ အခြေခံပညာကျောင်းခွဲ၌ ကျေးရွာပြည်သူလူထုအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကျောင်းဆောင် ပြုပြင်တည်ဆောက်ရေးအတွက် ဘိလပ်မြေ ၁၂၅ အိတ်ကို ကျောင်းအုပ်ဆရာကြီးထံ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

Lolane ရောင်းအားအကောင်းဆုံး ဆုချီးမြှင့် Rico ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မတ် ၁

Grand Wynn Enterprises Ltd မှ ၂၀၀၇ ခုနှစ်အတွက် Lolane အလှကုန်ပစ္စည်းများ ရောင်းအား အကောင်းဆုံးဆုချီးမြှင့်ပွဲနှင့် Rico ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၉ရက်မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ကျင်းပရာ ရှေးဦးစွာ Managing Director ဦးလှဝင်းက နှုတ်ခွန်းဆက်ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် Lolane Complex မှ Admin Manager ဒေါ်အေးအေးသာထွန်းက ၂၀၀၇ခုနှစ်အတွက် Lolane အလှကုန်ပစ္စည်းများ ရောင်းအား အကောင်းဆုံး ဖြန့်ဖြူးရောင်းချပေးခဲ့သည့်အရောင်းကိုယ်စားလှယ်ကြီးများအား ဆုချီးမြှင့်ရခြင်းနှင့် ၂၀၀၈ ခုနှစ်အတွက် Grand Wynn Enterprises Ltd. မှ အသစ်ထပ်မံထုတ်လုပ်လိုက်သည့် နိုင်ငံတကာ အဆင့်မီ အရည်အသွေးမြင့်မားသော ဆံပင်နှင့် အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ Rico Hair & Body Care အလှကုန်ပစ္စည်းများဖြစ်သည့် အမျိုးသမီး၊အမျိုးသားသုံး Rico Curl Booster Hair Cream & Rico Body Shampoo နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၀၇ ခုနှစ်အတွက် Lolaneအလှကုန်ပစ္စည်းများကို အများဆုံးဝယ်ယူ ဖြန့်ဖြူးရောင်းချပေးခဲ့သော အရောင်းကိုယ်စားလှယ်ကြီးများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး Lolane Professional Hair Technician များနှင့် Tallent & Model Agency မှ Model လေးများက Lolane Aroma Colour & Daily Hair Oil သုံးစွဲပုံ သုံးစွဲနည်း အဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြသကြသည်။

၂၀၀၇ ခုနှစ်အတွက် Lolane အလှကုန်ပစ္စည်းများ ရောင်းအား အကောင်းဆုံးဆုချီးမြှင့်ပွဲနှင့် Rico ကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲ အခမ်းအနားတွင် Managing Director ဦးလှဝင်း နှုတ်ခွန်းဆက်ဂုဏ်ပြုစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော Lolaneအလှကုန်ပစ္စည်းများကို တစိုက်မတ်မတ်အားပေးသုံးစွဲခဲ့ကြသည့် Lolane ချစ်သူများ၊ အနုပညာရှင်များ၊ စာနယ်ဇင်းအသီးသီးမှ တာဝန်ရှိသူများ၊ အရောင်းကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအား အမှတ်တရ Door Gift လက်ဆောင်နှင့် Lucky Draw ဖောက်ကာကံစမ်းမဲအထူးဆုလက်ဆောင်များ ပေးအပ်ပြီး အကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံကာ အထိမ်းအမှတ်အဖြစ် Rico Curl . Booster Hair Cream နှင့် Rico Body Shampoo အလှကုန်ပစ္စည်းများကို အထူးနှုန်းဖြင့်ရောင်းချပေးသည်။

Grand Wynn Enterprises Ltd. သည် နိုင်ငံတကာ အဆင့်မီ အရည်အသွေးမြင့်မားသော ဆံပင်နှင့် အသားအရေ ထိန်းသိမ်းခြင်းဆိုင်ရာ Hair & Body Care အလှကုန်ပစ္စည်းများကို Lolane နှင့် Rico & Rina အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် Grand Wynn Enterprises Ltd. အမှတ် (၄၀) ဖ၇လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၁၃၁၈၊ ဖက်(စ်) ၂၉၆၉၂၈နှင့် e-mail: grandwyn@ myanmar.com. mm သို့ အသေးစိတ် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိ+နိဆွမ်းဆန်တော်ရေစက်ချ ဓမ္မသဘင်

ရန်ကုန် မတ် ၁

တိပိဋကနိကာယဝင် တိ+နိသာသနာပြု နယ်လှည့်ဓမ္မကထိက ဆရာတော် ဦးတေဇောဘာသ(မအူပင်)ဦးကောသလ္လ(ပုပ္ပား)၊ ဦးကေသဝ(မင်းကွန်း)၊ ဦးကုဏ္ဍလ(မကွေး) အရှင်မြတ်တို့သည် (၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၈ရက်မှ ၁၄ရက်)အထိ ခုနစ်ရက်တိုင်တိုင် ပဲခူးတိုင်း ကဝမြို့နယ် ထိတန်၊ ကံအောင်၊ အောင်မြေ၊ ဝါးတော၊ ပေါက္ကံ၊ သရက်ကုန်း၊ ကဒါတ်စိန်၊ ကံအေး၊ သပြေကန်၊ ကံကြီး၊ အောင်နိုင်ကြီး၊ အေးမွန်၊ အောင်သာ၊ ဈေးဖလုံ၊ မဂ္ဂဘင်း၊ ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်၊ စခမ်းကြီး၊ ကံသာ၊ ကံဘဲ့၊ ကြာထုံးကျေးရွာတို့၌ ညစဉ် ၇နာရီမှစတင်၍ တိ+နိ ဆွမ်းဆန်တော်ရေစက်ချတရားပွဲများ ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်သည်။ (က-ပ)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်လင်းနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၀ရက်က အဖွဲ့ပိုင် မြိုင်ရတနာဈေးတွင် မီးငြိမ်းသတ် သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုအား မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်ကြည့်ရှုအားပေးစဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ် တင်လှူပူဇော်နိုင်ရန်အတွက် ဗဟန်းမြို့နယ် ဆရာစံအရှေ့မြောက် စမ်းရေတွင်းလမ်းမှ နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးခင်မောင်ဆန်း (လ/ထ ညွှန်မှူးကကငွေ) တစ်နှစ်ပြည့်အားရည်စူး၍ ဒေါ်စန်းစန်းရည်၊ သမီး ဇင်ဇင်ထိုက်၊ သား ဗိုလ်ကြီးအောင်ကျော်ဆန်း မိသားစုက အလှူငွေ ကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးမြသိန်း (အလှည့်ကျဂေါပက)၊ ဦးလှမင်းနှင့် ဦးစိန်ဦးတို့ လက်ခံယူစဉ်။ (က-ပ)

ဂုဏ်ပြုလွှာချီးမြှင့်

ကျွန်းလှမြို့ ဓမ္မစေတီဖောင်ဒေးရှင်းအဖွဲ့မှ ဓမ္မစေတီရုပ်ပွားတော်မြတ်ကြီး ဉာဏ်တော် ပေ ၁၅၀ အတွက် အလှူငွေ ကျပ် ၁၀ သိန်း လှူဒါန်းရာ ဓမ္မစေတီဖောင်ဒေးရှင်း ဦးဆောင်ဆရာတော် မင်းကွန်း ဓမ္မစေတီ ဘဒ္ဒန္တ နာဂိန္ဒာလင်္ကာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

ရေနံချောင်းမြို့ အမှတ်(၁)အထက တွင် ဆရာတော် အရှင်ဆန္ဒာဓိကမတည်လှူဒါန်းဆောက်လုပ်သော ရွှေပါရမီကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ဦးတင်ဝင်းသျှင်-ဒေါ်ခင်လေးသိမ့်၊ ဒါရိုက်တာကြည်ဖြူသျှင်၊ နန္ဒရည်၊ သား နန္ဒရဲရင့်ဝင်း-မအိသီရိဇော် (မဟာထွန်းရုပ်ရှင်) မိသားစုက ငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဆောက်လုပ်ရေးကော်မတီ အတွင်းရေးမှူး ကပ္ပတိန် ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သန်လျင်-ကျောက်တန်းလမ်းမပေါ်ရှိ ကျိုက်ဒေသရ နန်းတော်ဦးစေတီ နတ်ရေကန် နှစ်ကျိပ်ရှစ်ဆူဘုရားများ ထာဝရထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် ကမာရွတ်အဝိုင်း ရတနာထွန်း ဦးမြင့်ဝင်း-ဒေါ်ခင်ညွန့် မိသားစုက ကွယ်လွန်သူ မိဘနှစ်ပါးအား ရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို သီဟသုဓမ္မမဏိဇောတဓရ နတ်ရေကန် ဦးတင်မောင်ထွေးထံ လှူဒါန်းစဉ်။ (က-ပ)

ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်နေကြတာလဲ

စည်သူအောင်

"အခုတလော 'အမျိုးသားပြန်လည်သင့်မြတ်ရေး'တို့၊ 'အားလုံးပါဝင်ရေး'တို့၊'သုံးပွင့်ဆိုင် ဆွေးနွေးရေး'တို့ ဆိုတဲ့စကားတွေ ရေဒီယိုထဲမှာ လှိုင်လှိုင်ကြားနေရပါလားကွ"

"လေနဲ့လုပ်စားနေတဲ့ သူတွေကတော့ လှတောသားပြောသလို ကျောက်ဆင်းတု ခေါင်းညိတ်ရလောက်အောင် မစားရဝခမန်း ပြောတတ် ကြတာပါပဲကွာ။ ဒါတွေက ကြားကောင်းအောင် တန်ဆာဆင်ပြီး ပြောတဲ့ စကား (Rhetoric)တွေပါ။ အရေးကြီးတာက ဒီစကားလုံးတွေရဲ့ နောက်ကွယ်မှာ တကယ်အစစ်အမှန်ဆိုလိုရင်း (Hidden Meaning)ကို သိဖို့လိုတယ်။ စကားအသုံးအနှုန်း အသွားအလာတွေနဲ့ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို ဆက်စပ်စဉ်းစားပြီး ဒါဟာ အတည့်ဆိုလိုတာလား၊ ပြောင်းပြန်တွေးရမှာလား၊ သရော်တာလား၊ စောင်းပါးရိပ်ခြည်ပြောတာလားဆိုတာ သိအောင် လုပ်ရသလို ဒီစကားစလိုက်တာနဲ့ ဘယ်လမ်းကြောင်းကို ဦးတည်သွားနေပြီလဲ၊ ဘယ်ယုန်ကိုမြင်လို့ ဘယ်ချုံထွင်နေတာလဲဆိုတာ ပါးစပ်ဟလိုက်တာနဲ့ အူခုနစ်ခွေကို မြင်နေအောင် ကြည့်တတ်ဖို့လည်း အရေးကြီးတယ်ကွ"

"ငါသတိထားမိတာကတော့ ဒီစကားတွေဟာ အနောက်အုပ်စုနိုင်ငံတွေကရော၊ တစ်ဖက်နယ်စပ်နဲ့ ပြည်ပရောက်နေတဲ့ ပြည်ပြေးအဖွဲ့အစည်း အမျိုးမျိုးကရော၊ သောင်းကျန်းသူအကြွင်းအကျန်အုပ်စုတွေကရော၊ ပြည်တွင်းက NLDနဲ့ တခြားအုပ်စုတွေကရော အတိုင်အဖောက်ညီညီ ပြောလာကြတာ တွေ့ရတယ်"

"ဒါကတော့ ဖိုးသူတော်ယိမ်းလိုပေါ့ကွာ။ ယိမ်းခေါင်းဆောင်က ကြက်သွန်ဥတွေနဲ့ သီထားတဲ့ ပုတီးကြီးကို မြှောက်ပြီးကရင် နောက်က ဖိုးသူတော်တွေလည်း လိုက်ပြီး မြှောက်ကြရတာပဲ။ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မရှိဘဲ အီရတ်ကိုဝင်တိုက်ခဲ့တာတောင်မှ ငုတ်တုတ်ထိုင်ကြည့်နေခဲ့ရတာ မဟုတ်လား။ ကျန်တဲ့လူတွေကတော့ ကျေးဇူးခံကျေးဇူးစားတွေ ဖြစ်နေကြတော့ ဘာပြောဖို့လိုဦးမှာလဲ"

"နည်းနည်းထူးခြားတာကတော့ မစ္စတာဂမ်ဘာရီနဲ့ လူကြုံပေးလိုက်တဲ့ ဒေါ်စုကြည်ရဲ့ ကြေညာချက် ထွက်ပေါ်လာပြီးတဲ့ နောက်ပိုင်းမှာ ပေါ်လာတဲ့ကိစ္စတွေပဲကွ။ 'ဒေါ်စုကြည်ရဲ့ ကြေညာချက်ထဲမှာ It is my duty ဆိုပြီးတော့ အထူးသဖြင့် တိုင်းရင်းသားများ၏ သဘောဆန္ဒများ၊ အကျိုးစီးပွားများကို အခိုင်အမာ အစဉ်မပြတ် အလေးအနက်ထားကာ စဉ်းစားပေးရမည်မှာ ကျွန်မအပေါ် ကျရောက်လာသော တာဝန်ဖြစ်ပါသည်' ဆိုပြီး ဘယ်သူကမှ မပေးတဲ့ တာဝန်ကို အတင်းယူခဲ့ပြီးတဲ့နောက် တိုင်းရင်းသား အဖွဲ့အစည်းပေါင်းစုက ဝိုင်းပြီး ကန့်ကွက်ခဲ့ကြတယ်လေ။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ လောက်က ပေါ့။ အဲဒီတုန်းကတော့ ဘာမှမပြောဘဲ ငြိမ်နေခဲ့ပြီး တစ်ရေးနိုးတော့မှ ဒီကြေညာချက်ကို မရှင်းလင်းရင် သူတို့ဆီလာပြီး ဆွေးနွေးနိုင်ပါတယ်လို့ အထက်စီးကဖိတ်ခေါ်တဲ့ ကြေညာချက်မျိုးကို NLD က ထုတ်လာတာတွေ့ရတယ်။ အဲဒါနဲ့ တစ်ချိန်တည်းလောက်မှာပဲ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ ဆိုင်းဘုတ်ကြီးလည်း တင်လာတယ်။ ပြည်ထောင်စုနေ့ ကြေညာချက်ဆိုပြီး စာတမ်းအရှည်ကြီးလည်း ထုတ်လာတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်ရှိ တဲ့ ပြည်ထောင်စုဆိုတဲ့ စကားတွေပါလာတယ်။ တစ်ဖက်မှာလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးလို့သာ ပြောတယ်။ အခြေခံဥပဒေမူကြမ်းကို ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုဖို့ ကိစ္စနဲ့ ရွေးကောက်ပွဲကျင်းပဖို့ ကိစ္စတွေကိုကျတော့ ခါးခါးသီးသီး ဆန့်ကျင်ပယ်ချပြီး အဆိုးဆုံးအတွက် ပြင်ဆင်ထားဆိုတာတွေလည်း ပြောလာတယ်။ ဒီစကား အသွားအလာတွေဟာ သိပ်ကောင်းလှတဲ့ အငွေ့အသက်တော့ မဟုတ်ဘူးလို့ ငါခံစားမိတယ်ကွာ"

"ဒါက တော်ရုံတန်ရုံမကောင်းတာမဟုတ်ဘူးဟေ့။ တော်တော်ကို အန္တရာယ်ကြီးတယ်လို့ ဆိုနိုင်တယ်။ ပြောရရင် နည်းနည်းတော့ရှည်ရှည်ဝေးဝေး ရှင်းရလိမ့်မယ်။ ပထမဆုံးသူတို့ပြောတဲ့ အားလုံးပါဝင်ရေးကိစ္စ၊ သုံးပွင့်ဆိုင် ကိစ္စကိုလှေ့လာကြည့်ရအောင်။ ၂၀၀၄ ခုနှစ်မှာ စတင်ခဲ့တဲ့ အမျိုးသားညီလာခံမှာ အားလုံးပါဝင်ခဲ့ပြီပဲလေကွာ။ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသား လူမျိုးစုတွေအားလုံးနဲ့ လူထုလူတန်းစား အလွှာအသီးသီးက ဘက်စုံပါဝင်တဲ့ အစုအဖွဲ့ (၈)ဖွဲ့နဲ့ ရှစ်ပွင့်ဆိုင်တောင်မှ ဆွေးနွေးခဲ့ပြီပဲ"

"ဒါပေမယ့် သူတို့က ဒီအမျိုးသားညီလာခံဟာ အစိုးရက လက်ရွေးစင် ရွေးချယ်ထားတဲ့ သူတွေနဲ့ လုပ်တာလို့ပြောကြတယ်လေ"

"တချို့အစုအဖွဲ့တွေက ရွေးချယ်ထားတာမှန်ပေမယ့် ရွေးချယ်ခံကိုယ်စား လှယ်အစုအဖွဲ့တို့၊ နိုင်ငံရေးပါတီအစုအဖွဲ့တို့၊ အခြားဖိတ်ကြားသင့်တဲ့ ပုဂ္ဂိုလ်များ အစုအဖွဲ့ထဲက ငြိမ်းချမ်းရေးအဖွဲ့ ကိုယ်စားလှယ်စတဲ့ အဖွဲ့ဝင်တွေကတော့ ရွေးချယ်ထားတာမဟုတ်ဘူးလေ။ နောက်ပြီးတော့ အထက်ကနေ ရွေးချယ်တယ်ဆိုတာလည်း ပညာအရည်အချင်း၊ အကျင့်သိက္ခာ၊ လူမှုအဆင့်အတန်း၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်၊ နိုင်ငံရေးကင်းရှင်းမှု စသည်ဖြင့် ညီလာခံကိုယ်စားလှယ် တစ်ဦးရဲ့ အဆင့်အတန်းနဲ့ လိုက်လျောညီထွေ ဖြစ်မယ့်သူတွေကို ဆန်းစစ်ပြီး ရွေးချယ်ခဲ့တာပဲ။ **ဒီညီလာခံကိုယ်စားလှယ်တွေဟာ တကယ်တော့ နေရာဒေသမျိုးစုံ၊ လူတန်းစားမျိုးစုံ၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်မျိုးစုံကို ကိုယ်စားပြုထင်ဟပ်ထား နိုင်တဲ့ပုဂ္ဂိုလ်တွေပဲ၊ ဒီကိုယ်စားလှယ်တွေဟာ ခေတ်အဆက်ဆက်မှာ နိုင်ငံရေးသမားတွေက လိုရင်ခေါင်းပေါ်တင်အသုံးချ၊ မလိုရင် ဥပေက္ခာပြု ပစ်ထားကြပြီး ရွေးကောက်ပွဲနီးမှ သတိရတာကိုခံခဲ့ကြရတဲ့၊ စကားများများ မပြောတဲ့လူများစု (Silent Majority) လူထုကြီးရဲ့ကိုယ်စားလှယ် အစစ်အမှန်တွေပဲ။**

"အခြေခံဥပဒေအတွက် အခြေခံမူရေးဆွဲရာမှာ နိုင်ငံရေးသမား လူလည် ပတ်ကားတွေပဲ လုပ်ပိုင်ခွင့်ရှိတာလား။ လူများစုလူထုကြီးကရော ပြောရေးဆိုခွင့် မရှိတော့ဘူးလား။ ဒီကိုယ်စားလှယ်တွေထဲမှာ တောင်သူလယ်သမားတွေကစပြီး **ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းရှင်တွေ၊ အစိုးရဝန်ထမ်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ နိုင်ငံတကာ အတွေ့အကြုံအများကြီးရှိပြီး နိုင်ငံတကာက လေးစားခြင်းခံရတဲ့ ထင်ရှားတဲ့ ပညာရှင်ပုဂ္ဂိုလ်ကြီးတွေ စသည်ဖြင့် အစုံပါတယ်။ ဒီလိုလူတွေကရော နိုင်ငံအတွက်မတွေးခေါ်၊ မမြော်မြင်တတ်ဘူးလို့ ထင်လို့လား။ နောက်တစ်ခုက သူတို့ပြောတဲ့ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့ အဖွဲ့ဆိုတာလည်း ဒီအမျိုးသား ညီလာခံမှာ ပါပြီးခဲ့ပြီပဲ။ တိုင်းရင်းသား လူမျိုးအစုအဖွဲ့မှာ သီးသန့်ပါသလို၊ လူထုလူတန်းစားအဖွဲ့တွေမှာလည်း တိုင်းရင်းသားပေါင်းစုံပါနေတာပဲ။ တိုင်းနဲ့ပြည်နယ်အလိုက် ကိုယ်စားလှယ်တွေမှာလည်းပါတယ်။ ဒါ့အပြင် ငြိမ်းချမ်းရေးအဖွဲ့တွေ၊ နိုင်ငံရေးပါတီအဖွဲ့တွေ၊ ရွေးချယ်ခံကိုယ်စားလှယ် စသည်ဖြင့် နေရာတိုင်း၊ အစုအဖွဲ့တိုင်းမှာ တိုင်းရင်းသားကိုယ်စားလှယ်တွေ မပါတဲ့အဖွဲ့ မရှိပါဘူး။ တိုင်းရင်းသားတွေထဲမှာမှ သာမန်အရပ်သား၊ နိုင်ငံရေးသမား၊ အရင်က လက်နက်ကိုင်ပြီး အစိုးရကို တိုက်ခဲ့ဖူးတဲ့ အဖွဲ့အစည်းဝင်၊ အသိပညာရှင်၊ အတတ်ပညာရှင်စသည်ဖြင့် အစုပေါင်းစုံ ပါဝင်တာ ဒီထက်ဘာများပိုပြီး စုံရဦးမှာလဲလို့မေးရမလိုဖြစ်နေတယ်။**

"နောက်တစ်ခု NLDပါရမယ်ဆိုတဲ့ကိစ္စ၊ အမျိုးသားညီလာခံစကတည်းက NLD ပါခဲ့ပြီးသားပဲလေ။ သူတို့ကို ဘယ်သူကမှ အတင်းအကျပ်ခေါ်ပြီး ညီလာခံအတက်ခိုင်းခဲ့တာ မဟုတ်ဘူး။ သူတို့ကိုယ်တိုင် ဆန္ဒသဘောထားနဲ့ လာတက်ကြတာ။ ၁၉၉၅ ခုနှစ်မှာ ထွက်သွားတော့လည်း သူတို့သဘောနဲ့ သူတို့ပဲ မဟုတ်လား။ ဒါတောင်မှ NLDထဲမှာ အချင်းချင်း သဘောကွဲလွဲခဲ့ကြပြီး ညီလာခံဆက်တက်ချင်တဲ့သူတွေကို ပါတီကအတင်းထုတ်ပစ်ခဲ့လို့ ထုတ်ပယ်ခံရတဲ့ ကိုယ်စားလှယ်တွေဟာ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တွေ အဖြစ်နဲ့ သူတို့ကို ညီလာခံက ဆက်ပြီးလက်ခံထားခဲ့တာပဲလေ။ NLDကြောင့်ပဲ အရှိန်ရနေတဲ့ အမျိုးသားညီလာခံကြီးရပ်ဆိုင်းသွားခဲ့ရသလို ၂၀၀၄ ခုနှစ်မှာ ညီလာခံ ပြန်စတော့ အစိုးရက NLD ကို ဖိတ်စာကမ်းခဲ့တာပဲ မဟုတ်လား။ သူတို့ပဲ မတက်တော့ဘူးလို့ငြင်းခဲ့တာလေ။ အခုတစ်ခါ အားလုံးပြီးမှ သူတို့မပါလို့ မပြီးဘူးဆိုပြီး ငယ်သံပါအောင် အော်နေပြန်ပြီ။ ဒါဟာ ဘာသဘောလဲ စဉ်းစားကြည့်ပေါ့ကွာ"

"အဲဒီတော့ သူတို့ပြောနေတဲ့ အားလုံးပါဝင်ရေး၊ သုံးပွင့်ဆိုင်ဆွေးနွေးရေးဆိုတာ ဘာအဓိပ္ပာယ်နဲ့ ပြောလာတာလို့ ထင်သလဲ"

"ငါ့အမြင်ကတော့ကွာ တိုင်းရင်းသားအဖွဲ့တွေဆိုတဲ့အထဲမှာ အမျိုးသား ညီလာခံမှာ မပါဘဲ ကျန်နေခဲ့တာဆိုလို့ ဘယ်သူတွေပဲ ရှိတော့လို့လဲ။ နှစ်ယောက်တစ်ပိုင်းနဲ့စုစည်းပြီး ကြီးကြီးကျယ်ကျယ် ခေါင်းစဉ်တွေ၊ နာမည်တွေတပ်၊ မျောက်ပြဆန်တောင်းနေကြတဲ့ လူမျိုးစုအဖွဲ့ဆိုတာတွေနဲ့ လက်တစ်ဆုပ်စာပဲ ကျန်တော့တဲ့ သောင်းကျန်းသူ အဖွဲ့အစည်းတွေပဲ ရှိတာလေ၊ ဒီအဖွဲ့တွေအားလုံးက ဘယ်သူ့ပေးစာကမ်းစာနဲ့ ရပ်တည်နေကြတယ် ဆိုတာ အားလုံးအသိပဲ၊ တစ်ပိုင်းကတော့ အဲဒီတရားမဝင်အဖွဲ့အစည်းတွေကို သူတို့သာလျှင် စစ်မှန်တဲ့ တိုင်းရင်းသားကိုယ်စားလှယ်ဆိုပြီး နိုင်ငံရေးစင်မြင့်မှာ ပြန်တင်ဖို့ပေါ့ကွာ။ အဲဒီတော့သူတို့လိုပဲ ပြန်ပြောရရင် ဒီအဖွဲ့တွေကိုရော ဘယ်သူက Mandate ပေးထားလို့လဲ။ ကိုယ့်ဘာသာပြည်တွင်းမှာ မနေနိုင်လို့ နယ်စပ်ပြေးလာပြီး ငါ့ဝမ်းပူဆာမနေသာလို့ နီးစပ်ရာ ဆွဲလွဲပြီး ကောက်ဖွဲ့ထား ကြရတာ လူတိုင်းအသိပဲလေ။ ဒါကြောင့်လည်း "စစ်မှန်တဲ့ ပြည်ထောင်စု"တို့၊ "ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရေး" တို့၊ "ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်"တို့စတဲ့ စကားလုံးတွေ တွင်တွင်သုံးပြီး "အမျိုးသားပြန်လည်သင့်မြတ်ရေး"ဆိုတာကို ရှေ့တန်းတင်လာတာပဲ။ အဓိကအချက်တစ်ခုကတော့ သက်ဆိုင်ရာနဲ့ဒေါ်စုကြည်တို့ တွေ့ဆုံဆွေးနွေးကြရာမှာ အားနည်းယိုယွင်းနေတဲ့ NLD ကို ကျားကန်ပေးနိုင်ဖို့ တိုင်းရင်းသားအင်အားစုတွေကို အားကိုးရှာတဲ့ သဘောပဲ။ ဒါမျိုးတွေက တို့မြန်မာ့နိုင်ငံရေးမှာ ရှေးတုန်းကလည်း လုပ်ခဲ့ပြီးသား အကွက်တွေပါ။ ၁၉၅၈ ခုနှစ် ဖဆပလအကွဲအပြဲမှာကတည်းက ရတညအမတ် တွေရဲ့မဲကို သန့်ရှင်းအုပ်စုက ရခိုင်ပြည်နယ်ပေးမယ်ဆိုတဲ့ မက်လုံးနဲ့အရယူပြီး ရှစ်မဲအသာနဲ့ ကပ်ပြီးနိုင်သွားခဲ့တာရှိတယ်လေ။ ဒါပေမယ့် ဒီလိုလုပ်ခဲ့တဲ့ အကျိုးဆက်ဂယက်တွေကဘာဖြစ်လာခဲ့သလဲဆိုတာမင်းလည်းအသိသားပဲ။ ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲ နောက်ပိုင်း ပထစအစိုးရ တက်လာတော့ ဦးဗိုလ်သခင်အုပ်စုတွေ အကွဲအပြဲမှာ ပြည်မနိုင်ငံရေး အင်အားစုတွေ အခက်ကြုံတုန်းတိုင်းရင်းသားနိုင်ငံရေးအုပ်စုတွေက အကွက်ကောင်းပဲဆိုပြီး ပြည်နယ်တွေတင်မကဘူး၊ စစ်မှန်တဲ့ ပြည်ထောင်စု

ဒီညီလာခံကိုယ်စားလှယ်တွေဟာ တကယ်တော့ နေရာဒေသမျိုးစုံ၊ လူတန်းစားမျိုးစုံ၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်မျိုးစုံကို ကိုယ်စားပြုထင်ဟပ်ထားနိုင်တဲ့ ပုဂ္ဂိုလ်တွေပဲ၊ ဒီကိုယ်စားလှယ်တွေဟာ ခေတ်အဆက်ဆက်မှာ နိုင်ငံရေးသမားတွေက လိုရင် ခေါင်းပေါ်တင်အသုံးချ၊ မလိုရင် ဥပေက္ခာပြု ပစ်ထားကြပြီး ရွေးကောက်ပွဲနီးမှ သတိရတာကိုခံခဲ့ကြရတဲ့၊ စကားများများ မပြောတဲ့လူများစု (Silent Majority) လူထုကြီးရဲ့ ကိုယ်စားလှယ် အစစ်အမှန်တွေပဲ။

တို့၊ ဖက်ဒရယ်စစ်စစ်မူ တို့ဆိုတာတွေ လုပ်လာခဲ့ကြတာမဟုတ်လား။ အဲဒီ ဖက်ဒရယ်မူအပေါ်မှာ နိုင်ငံတော်အကြံပေးအဖွဲ့က "အဆိုပါ ပြည်ထောင်စုပုံစံမှာ လက်တွေ့အားဖြင့် လုပ်ဆောင်ရန် ဖြစ်နိုင်ဖွယ် မရှိသည့်အပြင် ထိုပုံစံတွင် မကြာမြင့်မီအတွင်း ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေမည့် အင်္ဂါလက္ခဏာရပ်များ ပါရှိနေသောကြောင့် ကျွန်ုပ်တို့ မထောက်ခံနိုင်"လို့ အစီရင်ခံစာတင်သွင်းရာမှာ တင်ပြခဲ့တာ တွေ့ရတယ်။ ဒါပေမယ့် ဒီမူကိုပဲ မြန်မာ့အသံခန်းမမှာလုပ်တဲ့ လူမျိုးပေါင်းစုံ ဆွေးနွေးပွဲကြီးမှာ အုန်းပွဲ၊ ငှက်ပျောပွဲနှင့် တောင်းယူလို့ ရရင်ရ၊ မရရင် ကားတင်ပြေးမယ်ဆိုတာမျိုးတွေ ပြောလာတဲ့အထိ ဖြစ်လာတယ်လေ။ ဒါ့အပြင် ပြည်နယ်တွေတောင်းဆိုထားတဲ့ ဖက်ဒရယ်မူ အကောင်အထည်မပေါ်လာရင် ပြည်ထောင်စုက ခွဲထွက်ပြီး ဆီးတိုး စစ်အုပ်စုထဲ ဝင်မယ်ဆိုတဲ့ လျှို့ဝှက်စာတမ်းတွေ ထွက်လာတာမျိုးတွေ စနစ်နှစ်မျိုးဆိုလည်း ပေးပါမယ်ဆိုတာတောင် ခွဲထွက်ရေးမှ ခွဲထွက်ရေးပဲလို့ တင်းခံနေတာ နောက်ကွယ်ကနေ "ဟေ့ မင်းတို့ လျှော့မပေးနဲ့၊ မင်းတို့ ခွဲထွက်တာနဲ့ ငါတို့ အသိအမှတ်ပြုမယ်၊ မပူနဲ့"ဆိုပြီး မြှောက်ပေးတဲ့လူ ရှိနေခဲ့လို့ပေါ့။ နောက်ဆုံးတော့ သူတို့ မြှောက်ပေးတဲ့အတိုင်း ကိုဆိုဗိုအယ်လ်ဘေးနီးယန်းတွေက ခွဲထွက်သွားတော့ ဘာဖြစ်သွားလဲ၊ ကိုဆိုဗိုထဲမှာရှိတဲ့ ဆာ့ဘ်တွေက ဆူပူအုံကြွပြီး ထပ်ခွဲထွက်ဖို့ လုပ်လာကြပြီလေ။ ဆားဗီးယားမြို့တော် ဘဲလ်ဂရိတ်မှာလည်း ဆာ့ဘ်လူထုကြီး အင်အား နှစ်သိန်းလောက်က ဆန္ဒပြခဲ့ကြပြီး ဒေါသမထိန်းနိုင်တဲ့ သူတွေက အမေရိကန်သံရုံးကိုတောင် မီးတင်ရှို့တဲ့အထိ ဖြစ်သွားခဲ့တာ ဖတ်လိုက်ရတယ်။ ဒါတွေဟာ ကိုယ့်အတတ်နဲ့ကိုယ် ပြန်စူးနေတာပေါ့ကွာ"

အခြေခံဥပဒေအတွက် အခြေခံမူရေးဆွဲရာမှာ နိုင်ငံရေးသမား လူလည်ပတ်ကားတွေပဲ လုပ်ပိုင်ခွင့်ရှိတာလား။ လူများစုလူထုကြီးကရော ပြောရေးဆိုခွင့် မရှိတော့ဘူးလား။ ဒီကိုယ်စားလှယ်တွေထဲမှ တောင်သူလယ်သမားတွေကစပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းရှင်တွေ၊ အစိုးရဝန်ထမ်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ နိုင်ငံတကာ အတွေ့အကြုံ အများကြီးရှိပြီး နိုင်ငံတကာက လေးစားခြင်းခံရတဲ့ ထင်ရှားတဲ့ ပညာရှင်ပုဂ္ဂိုလ်ကြီးတွေ စသည်ဖြင့် အစုံပါတယ်။ ဒီလိုလူတွေကရော နိုင်ငံအတွက် မတွေးခေါ်၊ မမြော်မြင်တတ်ဘူးလို့ ထင်လို့လား။ နောက်တစ်ခုက သူတို့ပြောတဲ့ တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုတဲ့အဖွဲ့ ဆိုတာလည်း ဒီအမျိုးသားညီလာခံမှာပါပြီးခဲ့ပြီပဲ၊ တိုင်းရင်းသားလူမျိုး အစုအဖွဲ့မှာ သီးသန့်ပါသလို၊ လူထုလူတန်းစားအဖွဲ့တွေမှာလည်း တိုင်းရင်းသားပေါင်းစုံ ပါနေတာပဲ။

အထိ အခြေအနေတွေက နိုင်ငံအတွက် အန္တရာယ်ကြီးလာခဲ့တာ သမိုင်းမှာ အထင်အရှားပဲ မဟုတ်လား။ အခုလည်း နိုင်ငံတော်ကို နိုင်ငံရေး၊ စစ်ရေးနည်းလမ်းတွေနဲ့ အခုအချိန်အထိ ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းတွေ၊ ပြည်ပသြဇာခံတွေကို ဆွဲယူစုစည်းပြီး သုံးပွင့်ဆိုင် ဆွေးနွေးပွဲ နာမည်နဲ့ နိုင်ငံရေးစင်မြင့်ပေါ်တင်လာရင် ဘာဖြစ် သွားမလဲ စဉ်းစားကြည့်ပေါ့ကွာ"

"မင်းပြောတော့ ငါလည်းစဉ်းစားမိတယ်။ **အနောက်အုပ်စုတွေက အခြေခံဥပဒေရေးဆွဲရေးမှာ ဟိုလူပါရမယ်၊ ဒီလူပါရမယ်လို့ ငါတို့ကို သာပြောနေတာ၊ အီရတ်မှာ အခြေခံဥပဒေဆွဲတုန်းက အမေရိကန်ကို ဆန့်ကျင်တဲ့ မွတ်တာဒါအယ်ဆဒါရဲ့ ရှီးယိုက်စစ်သွေးကြွတွေရော၊ အယ်လ်ကေဒါနဲ့ အဆက်အသွယ်ရှိတဲ့ ဆွန်နီ စစ်သွေးကြွတွေရော လုံးဝဆို လုံးဝမပါခဲ့ပါဘူး။ အာဖဂန်နစ္စတန်မှာကျတော့ရော တာလီဘန်တွေကို အခြေခံဥပဒေဆွဲဖို့ ဖိတ်ခေါ်ခဲ့ကြလို့လား။ ငါတို့ကျမှ အားလုံးပါရမယ် ဘာညာနဲ့ ခပ်တည်တည် ဆရာလာလုပ်နေတာပဲကွ"**

"ဒါက ရှေးတုန်းကတည်းက သူတို့ရဲ့ အကျင့်ပဲလေကွာ၊ ကမ္ဘာတစ်ခုလုံးပတ်ပြီး နယ်ချဲ့ခဲ့တာကိုတောင်မှ လူဖြူတွေက ကျန်တဲ့ အသားမည်း၊ အသားဝါတွေကို မယဉ်ကျေးသေးလို့ ယဉ်ကျေးလာအောင် အပင်ပန်းခံပြီး လေ့ကျင့်သင်ကြားပေးဖို့ ထမ်းဆောင်ရတဲ့ ဝန်ထုပ်ဝန်ပိုးကြီးပါ (White Men's Burden) လို့ ပြောကြသေးတာလေ။ သူတို့ခြေလှမ်းရဲ့ နောက်ကွယ်မှာ နယ်ချဲ့ခေတ်က ပုံစံအတိုင်း သွေးခွဲပြီး အုပ်ချုပ်ဖို့ (Divide and Rule)၊ သွေးခွဲပြီး အနိုင်ယူဖို့ (Divide and Conquer) လုပ်သွားမယ့် အလားအလာတွေကို မြင်နေရတာပဲ။ တခြားကိုမကြည့်နဲ့ အခုတလော နိုင်ငံတကာ သတင်းတွေမှာ ရေ့တန်းရောက်နေတဲ့ ကိုဆိုဗို ခွဲထွက်ခဲ့တဲ့ကိစ္စကိုပဲကြည့်လေ။ အရင် ယူဂိုဆလပ်ပြည်ထောင်စုဟောင်း ဆားဗီးယားနိုင်ငံက အချုပ်အခြာအာဏာပိုင်ပါတယ်လို့ ကုလသမဂ္ဂကိုယ်တိုင်က တရားဝင်ဆုံးဖြတ်ချက်နဲ့ အသိအမှတ်ပြုထားတဲ့ ကိုဆိုဗိုပြည်နယ်ကို အဲဒီပြည်နယ်မှာ လူများစုဖြစ်တဲ့ အယ်လ်ဘေးနီးယန်းတွေက ခွဲထွက်မယ်ဆိုတော့ ခွဲမထွက်–ထွက်ဖြစ်အောင် နောက်ကနေ ထောက်ခံတွန်းအားပေးခဲ့တာ သူတို့အုပ်စုတွေပဲ။ ဆားဗီးယား အစိုးရနဲ့ ကိုဆိုဗိုအယ်လ်ဘေးနီးယန်းတွေကိစ္စကို ဆွေးနွေးကြတော့ ဆားဗီးယား အစိုးရက ခွဲမထွက်ရင်ပြီးရော ကိုဆိုဗိုကို တရုတ်နိုင်ငံနဲ့ဟောင်ကောင် အထူးဒေသလို တစ်နိုင်ငံ

"သူတို့က ခွဲထွက်ဖို့ တိုက်တွန်းမှာပေါ့ကွာ၊ ခွဲထွက်သွားလို့ ပဲ့ထွက်သွားတဲ့ နယ်မြေတွေမှာ သူတို့က ကြီးစိုးထားလို့ရတာကို။ ကိုဆိုဗိုမှာပဲကြည့်လေ၊ ၁၉၉၈ခု ကိုဆိုဗိုစစ်ပွဲပြီးသွားကတည်းက လက်တွေ့ကိုဆိုဗိုမှာ ဘယ်သူအုပ်ချုပ်နေတာလဲ။ ကုလသမဂ္ဂအမည်ခံတဲ့ အနောက်နိုင်ငံတွေပဲမဟုတ်လား။ ကိုဆိုဗိုလွတ်လပ်ရေး ရတယ်ဆိုပေမယ့်လည်း လုံခြုံရေးအရဆိုပြီး သူတို့နေတိုးတပ်ဖွဲ့တွေနဲ့ အုပ်ချုပ်ရေးယန္တရားက ဆက်ရှိနေတာပဲ။ ဘယ်တော့ကျမှ သူတို့ထွက်သွားမှာလဲဆိုတာ ဘယ်သူမှမပြောနိုင်ဘူး မဟုတ်လား"

"အရှေ့တီမောဆိုလည်း ဘာထူးလဲကွာ၊ အင်ဒိုနီးရှားနိုင်ငံထဲကနေ ခွဲထွက်ဖို့ ဆန္ဒခံယူပွဲ လုပ်တော့ အနောက်အားကိုးနဲ့ ခွဲထွက်ခဲ့တာလေ။ အခုထက်ထိ ဘာများအခြေအနေ ကောင်းလာသေးလို့လဲ၊ တစ်လောကပဲ တပ်ပြေးသူပုန်တွေက သမ္မတအိမ်ကို ဝင်စီးလို့ သမ္မတတောင် ဒဏ်ရာအပြင်းအထန်နဲ့ မနည်းဆေးကုနေရတာ မဟုတ်လား။ အဲဒီမှာလည်း နိုင်ငံစုံ လုံခြုံရေးတပ်ဖွဲ့ဆိုပြီး ဆက်ပြီး အုပ်စည်းထားတာပဲ။ အရှေ့တီမောကို မျက်စိကျနေတာ ကြာပြီလေ။ အရှေ့တီမောကမ်းလွန်မှာ ရေနံနဲ့ သဘာဝဓာတ်ငွေ့သိုက် ရှိတယ်လို့ ကြားတော့ ပိုဆိုးသွားတာပေါ့"

"အေးကွာ တို့ဆီက လူတွေကလည်း ဒီဖြစ်ရပ်တွေကိုကြည့်ပြီး သင်ခန်းစာယူတတ်ဖို့ လိုတယ်လို့ ထင်တာပဲ။ **ကိုယ့်အကျိုးစီးပွား တစ်ခုတည်း ရေတိုမျက်မွေးတစ်ထောက်ကို မကြည့်ဘဲ တိုင်းပြည်ရဲ့ ရေရှည်အကျိုးစီးပွားကို ကြည့်သင့်တယ်။ ငါတို့တိုင်းပြည်မှာ တိုင်းရင်းသားလူမျိုးစုတွေက ရာကျော် ရှိနေတော့ ဒီလိုသာ ဖြစ်ချင်တိုင်း အဖြစ်ခံမယ်ဆိုရင် ကိုဆိုဗိုလို အဖြစ်မျိုးတွေ အများကြီး ဖြစ်လာနိုင်တယ်။ ဘယ်လောက် အန္တရာယ်ကြီးမလဲ စဉ်းစားကြည့်ပေါ့။ ငါတို့ဆီမှာက နှစ်ပေါင်းလေး ငါးဆယ် အချင်းချင်း တိုက်ခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့တာတောင် ပြောရရင် သိပ်ကြာလှသေးတာမဟုတ်ဘူး။ ဒီငြိမ်းချမ်းရေးကို နည်းနည်းမှ အထိအခိုက်ခံလို့မဖြစ်တဲ့ အနေအထားဆိုတာ အားလုံးသိသင့်တာပေါ့။** အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုပြီး ကြားကောင်းအောင် ပြောနေပေမယ့် လက်တွေ့မှာ ၁၉၆၀ ပြည့်လွန်နှစ်တွေကလို ပြည်ထောင်စုပြိုကွဲသွားနိုင်မယ့် အချိုးမျိုးတွေ လှမ်းလာနေတာဟာ တိုင်းပြည်အတွက် အရမ်းအန္တရာယ်ကြီးတယ်ဆိုတာ သိစေချင် တာပါပဲကွာ။ ။

အရှင်ခေမိန္ဒ(ခင်မကန်)တရားပွဲများ

ရန်ကုန် မတ် ၁

ဒဂုံမြို့သစ်တောင်ပိုင်း(၅၄)ရပ်ကွက် အင်ကြင်းလမ်း ခင်မကန်တိုက်၏ ဦးစီးပဓာန နာယက သာသနာပြု နယ်လှည့်ဓမ္မကထိက စစ်ကိုင်းဆရာတော် အရှင်ခေမိန္ဒ(ခင်မကန်) သည် မတ် ၁ ရက်တွင် တွံတေးမြို့၊ ခလောက်ချိုက်ရွာ၌ ဟောကြားပြီး မတ် ၂ ရက်၌ သာသနရက္ခိတ ဓမ္မာရုံ၊ သာကေတ၊ ၃ရက်တွင် ဆရာစံတောင်ဗဟန်းမြို့နယ် ရန်ကင်း ရန်ရှင်းလမ်း၊ ၅ ရက်တွင် မြေနီကုန်း ဓမ္မာရုံကြီး၊ ပဋ္ဌာနရုံကျောင်း၊ (၁၅) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ ၆ ရက်တွင် ကုန်းဘောင်လမ်း၊ တောင်ဥက္ကလာပ မြို့နယ်၊ ၆ ရက်မှ ၈ ရက်အထိ မော်ကျွန်းမြို့၊ ၁၂ ရက်နှင့် ၁၃ ရက်တွင် နတ္တလင်းမြို့၊ ၁၄ ရက်နှင့် ၁၅ရက်တွင် လက်ပံတန်းမြို့၊ ၁၆ ရက်တွင် သုံးခွမြို့၊ ဗုဒ္ဓလမ်းစဉ်၊ ရန်ကြီးအောင်၊ ၁၇ ရက်နှင့် ၁၈ တွင် သုံးခွမြို့၊ ၁၉ ရက် ကျောက်တန်းမြို့နယ်၊ သီလဝါ၊ ၂၀ ရက်တွင် သုံးခွမြို့၊ ဝဲပြန်ကျောင်း၊ ၂၁ ရက်တွင် တောင်စွန်းမြို့၊ ၂၂ ရက်တွင် ဘီးလင်းမြို့၊ ၂၃ ရက်တွင် ၄၈–လမ်းအထက်၊ ဗိုလ်တထောင်၊ ၂၄ ရက်တွင် ဂန္ဓမာလမ်း၊ စမ်းချောင်း၊ ၂၅ ရက်တွင် သာကေတ၊ ၆/၇က၊ ၂၆ရက်တွင် သုံးခွမြို့၊ ၂၇ ရက်တွင် သုံးခွမြို့၊ အနောက်ကျေးရွာ၊ ၂၈ ရက်နှင့် ၂၉ ရက်တွင် ဘိုကလေးမြို့၊ ၃၀ ရက်တွင် အင်းစိန်၊ ကြို့ကုန်း၊ ၃၁ ရက်တွင် သန်လျင်မြို့၊ ကရင်ဆိပ်ရွာတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ရာ ဖုန်း–၀၁–၇၀၇၆၅၂၊ ၀၁–၅၉၁၃၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ရေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Ltd. သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3 နှင့် M-7တွင် Geotechnical Site Surveyတိုင်းတာရေးလုပ်ငန်းများကို နောက်ထပ် တွင်းတူးဖော်မည့် လေးနေရာတွင် တိုင်းတာရေးရေယာဉ် MV Teknik Samudra ဖြင့် ၂၀၀၈ခုနှစ် မတ် ၃ ရက်မှ ၁၈ ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geotechnical Site Survey တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်မည့် ဧရိယာ အကျယ်အဝန်းမှာ ဧရိယာ(၁) လုပ်ကွက်အမှတ် M-3 တွင် Point-A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၆ မိနစ် သုည ဒသမ ၅၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂ မိနစ် ၃ ဒသမ ၁၁ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၆ မိနစ် သုည ဒသမ ၅၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ် ၃၅ ဒသမ ၀၆ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၈ မိနစ် ၄၄ ဒသမ ၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂ မိနစ် ၃ ဒသမ ၁၁ စက္ကန့် အတွင်းတွင်လည်းကောင်း၊ ဧရိယာ (၂)လုပ်ကွက်အမှတ် M -7တွင် Point-A2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆ မိနစ် ၃၅ ဒသမ ၅၃ စက္ကန့်၊ Point-B2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၂၉ စက္ကန့်၊ အရှေ့လောင်ဂျီ တွဒ် ၉၆ ဒီဂရီ ၂၃ မိနစ် ၁၂ ဒသမ ၆၃ စက္ကန့်၊ Point-C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၅ မိနစ် ၅၀ ဒသမ ၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၃ မိနစ် ၁၂ ဒသမ ၆၃ စက္ကန့်နှင့် Point-D2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၅ မိနစ် ၅၀ ဒသမ ၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆ မိနစ်၊ ၃၅ ဒသမ ၅၃ စက္ကန့် အတွင်းတွင်လည်းကောင်း၊ ဧရိယာ (၃)လုပ်ကွက်အမှတ်၊ M-7 တွင် Point-A3 မြောက်လတ္တီတွဒ် ၁၅ဒီဂရီ၁၂ မိနစ် ၄၀ ဒသမ ၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၄ မိနစ် ၁၈ ဒသမ ၀၂ စက္ကန့်၊ Point-B3 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၂ မိနစ် ၄၀ ဒသမ ၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၀ မိနစ် ၅၉ ဒသမ ၇၄ စက္ကန့်၊ Point-C3 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၂ မိနစ် ၄၀ ဒသမ ၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၀ မိနစ် ၅၉ ဒသမ ၇၄ စက္ကန့်နှင့် Point-D3 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၆ မိနစ် ၈ ဒသမ ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ဒီဂရီ၁၄မိနစ် ၀၈ ဒသမ ၀၂ စက္ကန့်အတွင်းတွင် လည်းကောင်း၊ Site Survey Information လုပ်ငန်းများကို Location WC-M3-002 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၂ မိနစ် ၂ ဒသမ ၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၉ မိနစ် ၁၂ ဒသမ ၆ စက္ကန့်၊ Location WC-M3-62 & 64 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၃ မိနစ် ၁၀ ဒသမ ၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၅ မိနစ် ၁၀ ဒသမ ၇ စက္ကန့်၊ Location WC-M7-001 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ၀၉ မိနစ် ၀၈ ဒသမ ၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၈ မိနစ် ၁၀ ဒသမ ၅ စက္ကန့်နှင့် Location WC-M7-006 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၈ မိနစ် ၅၅ ဒသမ ၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၆ မိနစ် ၄၂ ဒသမ ၈ စက္ကန့်အတွင်း တို့တွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ Geotechnical Site Survey တိုင်းတာရေး လုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Teknik Samudraဖြင့် ဆောင်ရွက်နေစဉ်ကာလ အတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်း သင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများ ချထား ခြင်းနှင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက သတိပေး ကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂–၃–၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် –ချစ်သူ့မျက်ဝန်း
၁:၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁:၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂:၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၁။	အုံသြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ပုံရိပ်ပမာ (အပိုင်း–၇၇)**
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – သိမ်းငှက်သူရဲကောင်း (ဒုတွဲ) (အပိုင်း–၃၇)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာစက်မှုဇုန်ခွဲ(ရွှေဘို)ရှိ ရုပ်ပျို တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးစက်ရုံရှိ ပရဆေးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မင်းကွန်း–ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့ ထမနဲဆွမ်းလောင်းလှူပွဲ

ရန်ကုန် မတ် ၁

မင်းကွန်းတောင်ရိုး မဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့ကြီး၏ ပဥ္စမအကြိမ်မြောက် သံဃာအပါး ၁၀၀၀ကျော် ထမနဲဆွမ်းလောင်းလှူပွဲကို မြို့နယ်၊ ကျေးရွာ ဓမ္မသာရအဖွဲ့များနှင့် သီးသန့်အလှူရှင်များက မတ် ၆ရက်၊ (တပို့တွဲလကွယ်) နံနက် ၅နာရီတွင် သာကေတမြို့နယ် (၇) အနောက်ရပ်ကွက် မြေနီလမ်း မင်းကွန်းဓမ္မသာရ ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။ အလှူရှင်များက မင်းကွန်းပရိယတ္တိစာသင်တိုက်နှင့် ဖုန်း–၂၉၄၂၃၁၊ ၅၅၃၄၈၆ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(က–ပ)

သီတဂူကြယ်တစ်ပွင့်ဓမ္မသဘင်

ရန်ကုန် မတ် ၁

သာသနဒ္ဓဇဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော် အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)သည် မတ် ၇၊ ၈ရက်၌ ကဒုံရွာ ဘိုကလေးမြို့နယ်၊ ၉နှင့်၁၀ ရက်၌ ဘိုကလေးမြို့၊ ၁၂ရက်မှ ၁၄ရက်အထိ အောင်လံမြို့၊ ၁၆ရက်ည၌ အောင်သာရွာ ပခုက္ကူ၊ ၁၇ရက်၌ ဥယျာဉ်ကုန်း မြောက်ပြင် မန္တလေး၊ ၁၈ရက်၌ အိုင်တောင်ကနီမြို့၊ ၁၉ရက်၌ ဟသ်ာရွာ အရာတော်၊ ၂၀ရက်၌ သုံးဆယ်မြို့၊ ၂၁ရက်၌ အင်းတိုင် ရွာ လှည်းကူး၊ ၂၂ရက်၌ အောင်ချမ်းသာ ဘုတလင်မြို့၊ ၂၃ရက်၌ ကျွဲခြံကုန်း မြင်းခြံ၊ ၂၄ရက်၌ နဂါးကွက်သစ် မန္တလေး၊ ၂၅နှင့်၂၆ရက်၌ သံရွာ ကျောက်ဆည်၊ ၂၇ရက်၌ ကျောက်ပန်းတောင်းမြို့၊ ၂၈ရက်၌ ထီးတင်ပွဲ မြောက်ပြင် မန္တလေး၊ ၂၉ရက်၌ ငါးလုံးကုန်း ကျောက်ဆည်၊ ၃၀ရက်၌ ရှင်ပြုအလှူ ငြိမ်းချမ်းရွှေပြည် မန္တလေး၊ ၃၁ရက်၌ ငါန်းဇွန်မြို့၊ ဧပြီ ၁ရက်၌ ပန်းတနော်မြို့၊ ၂ရက် (ဆည်းဆာ)၌ ရန်ကုန်မြို့၊ (၎င်းည)၌ ၁၈(က)ရပ်ကွက် တောင်ဒဂုံ၊ ရန်ကုန်၊ ၃ရက် (ဆည်းဆာ)၌ သာခုလမ်း ကြည့်မြင်တိုင် ရန်ကုန်၊ (၎င်းည)၌ နွယ်အေးရပ်ကွက် ဒေါပုံ၊ ၄ရက်မှ ၇ရက်အထိ ကြခပ်ကုန်းကြီး ကွမ်းခြံကုန်း၊ ၈ရက်၌ ရွှေတောင်မြို့၊ ၉ရက်၌ အေးရွာ ကြည့်မြင်တိုင်၊ ၁၀ရက်နှင့်၁၁ရက်၌ ရှင်ပြု ဇေယျာရွှေပြည် သဃ်န်းကျွန်း၊ ၁၂ရက်၌ သမတကမ်းခြေ ဒလမြို့၊ ၁၃ရက်၌ ၁၃ရပ်ကွက် သီရိမြိုင် လှိုင်မြို့နယ် ရန်ကုန် ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားမည်။ (က–ပ)

အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်၊ မိုင်းထောင်သတ်ဖြတ်မှု အပြစ်မဲ့ပြည်သူများ သေကြေဒဏ်ရာရရှိ

နေပြည်တော် မတ် ၁

တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် ပျဉ်းမတိုးကျေးရွာနေ မခင်ဝေသည် ဖေဖော်ဝါရီ ၂၄ရက် ည ၈နာရီခန့်တွင် ရွာအနီးရှိ ဥယျာဉ်ခြံသို့ သွားစဉ် KNU အကြမ်းဖက်သောင်းကျန်းသူခုနစ်ဦးခန့်က လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် မခင်ဝေ၏ လက်ဝဲလက်ကောက်နှင့် လက်ယာရင်အုံတို့၌ ဒဏ်ရာများရရှိခဲ့ကြောင်း၊ မခင်ဝေအား ဖေဖော်ဝါရီ၂၅ရက်နံနက်၆နာရီတွင် တနင်္သာရီဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

ရေဖြူမြို့နယ် နှမ်းကျဲကျေးရွာနေ ဦးစန်းဝင်းသည် ဖေဖော်ဝါရီ ၂၆ရက် နံနက် ၇နာရီခွဲ ခန့်တွင် ရေး–ထားဝယ်ကားလမ်းမိုင်တိုင်(၃၃/၃၄)အရှေ့ဘက် သုံးမိုင်ခန့်အကွာ ဟိန်းဆဲချောင်းဖျား၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ယာခြေချင်းဝတ်ပြတ်ရှ၊ ဝဲခြေသလုံးမိုင်းစထိမှန် ဒဏ်ရာရရှိခဲ့၍ ကလိန်အောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ကုသထားကြောင်း သိရသည်။

မွန်ပြည်နယ် ရေးမြို့နယ် ရင်းဒိန်ကျေးရွာနေ ဦးပေါင်း၊ ဦးလှဝင်းနှင့် ဦးဟုတ်စွမ်တို့သည် ဖေဖော်ဝါရီ ၂၆ရက် ညနေ ၃နာရီခန့်တွင် ရင်းဒိန်ကျေးရွာ၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ တောထဲ၌ သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲသဖြင့် ဦးပေါင်းသည် နေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း၊ ဦးလှဝင်းနှင့် ဦးဟုတ်စွမ်တို့မှာ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သဖြင့် ရေးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှည်းကူး အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၁

လှည်းကူး အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမကြီးများအား ပူဇော်ပွဲ အခမ်းအနားကို မတ် ၂၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် လှည်းကူးအထကခန်းမ၌ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် ဆက်သွယ် လှူဒါန်းလိုသူများသည် ဦးမြသောင်း ဆန်းမြတ်လွင် ကွန်ပျူတာ၊ ဖုန်း–၆၂၉၉၅၄၊ ဦးတင်ကြွယ် ဖုန်း–၆၂၉၀၆၃၊ ဒေါက်တာ ဒေါ်ခင်နွဲ့ ဖုန်း–၆၂၉၈၅၄၊ ဒေါ်သန်းသန်းဌေး ငွေလမင်း ဆီစက် ဖုန်း–၆၂၉၀၂၄၊ ဦးစိန်ထွန်း ဗိုလ်ဇင်ရတနာရွှေဆိုင် ဖုန်း–၆၂၉၃၈၈၊ ဦးလှမြင့်(ရွှေမန်း)အသုံးချဘူမိဗေဒဌာန ဖုန်း–၅၃၇၉၆၀၊ ဦးလှမြင့်(ညွှန်ကြားရေးမှူး–ငြိမ်း) ဖုန်း–၀၉၅ ၀၀၁၁၂၃၊ ၅၃၅၉၀၄၊ ၅၁၃၈၅၃ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာနိုင်ငံအရပ်ရပ်တွင် လေပြင်းများခေတ္တမျှ တိုက်ခတ်နိုင်

ရန်ကုန် မတ် ၁

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလခန့်အထိ မြန်မာနိုင်ငံ အရပ်ရပ်တို့တွင် နေ့အပူချိန်များ သိသိသာသာ တိုးလာမည်ဖြစ်ရာ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်လာရာမှ ရံဖန်ရံခါလေပြင်းများ ခေတ္တမျှ တိုက်ခတ်နိုင်သည်။ လေပြင်းများ တိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ခန့်အထိ တိုက်ခတ်နိုင်ပြီး အချို့နေရာများတွင် နေရာကွက်၍ မိုးကြိုးခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

အောင်ဘာလေထီဆုကြီးများ

ရန်ကုန် မတ် ၁

(၂၃၀) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်–

အထူးဆုကြီးတစ်ဆု
ကျပ်သိန်း (၅၀၀)
အ–၄၅၈၄၇၁
ဆုကြီးတစ်ဆုချင်း
ကျပ်သိန်း (၃၀၀)ဆုများ
ရ–၄၄၃၆၅၉
ဘ–၃၄၉၉၃၉
ဆုကြီးတစ်ဆုချင်း
ကျပ်သိန်း (၂၀၀)ဆုများ
ရ – ၃၅၇၅၀၂
ဃ – ၇၃၉၀၈၆
လ– ၈၉၂၄၈၅
ဓ – ၂၈၀၅၄၄
ဆုကြီးတစ်ဆုချင်း
ကျပ်သိန်း (၁၀၀)ဆုများ
ဟ– ၂၃၀၇၃၆
တ–၆၆၇၃၅၆
ဂ–၆၂၂၈၂၇
အ–၃၇၀၀၃၈
တ–၈၁၁၄၅၆
ဗ–၉၈၈၆၆၇
ဍ–၂၇၆၇၀၅
ပ–၃၈၇၅၀၃
ဓ–၆၅၃၀၄၅
စ–၈၆၃၇၈၃
ထ–၇၈၀၅၆၀
ဍ–၁၆၀၈၃၆
တ–၁၅၃၆၀၅
ဂ–၂၄၆၃၂၀
ဋ–၇၈၇၇၆၈
က–၃၄၃၀၄၉
ဘ–၄၀၂၇၁၅
ဏ–၉၀၃၅၀၂
ကျပ်သိန်း (၁၀၀) ယူနစ်
(မင်္ဂလာစုံတွဲစနစ်)ဆုမဲများ
ပ–၇၅၄၂၈၈
ဌ–၆၆၉၈၀၃
ဆ–၅၃၀၇၉၈
ည–၈၀၆၀၅၀
န–၈၈၀၅၁၆
အ–၄၄၆၀၀၉
ဋ–၉၂၂၁၉၈
ဘ–၆၀၁၂၆၁
န–၈၉၀၂၈၃
အ–၃၃၉၇၇၉
ခ–၅၂၂၂၇၈
ထ–၃၄၀၃၂၈
ဠ–၂၈၄၅၅၃
ယ–၂၁၉၄၄၈
သ–၃၉၃၃၆၈
ဋ–၇၉၇၆၆၄
စ–၆၇၄၆၉၂

*** ကျောဖုံးမှ**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တပ်ရွာ မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှူး ဦးလှမင်းနှင့် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က စိုက်ပျိုးရေ ပေးဝေနိုင်မှုနှင့် တပ်ရွာ၊ ရှိမ္မကား၊ ကျောက်မြောင်း၊ ခရမ်းစပ်ကုန်း လမ်းပိုင်းအရှည် ၉၁မိုင် လေးဖာလုံ ဖောက်လုပ်ပြီးစီးမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားကာ ရှုရပ်နေရာမှရေတင်စက်များဖြင့် ရောဝတီမြစ်ရေတင်ပို့မှု လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဆည်တောကျေးရွာ၏ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ ရောက်ရှိပြီး ခြံစည်းရိုး ကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့များကို တာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးပေးကာ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၏ မျိုးကိုင်း ၇၃၅၀နှင့် မျိုးစေ့ ၉၆၀၀၀တို့ တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေဘိုမြို့နယ် အပိုင်း မိုင်တိုင်အမှတ်(၄၆/၆)မှ (၆၁/၅)ထိ လမ်းဖောက်လုပ်ပြီးစီးမှု၊ဇော်ကနားရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေပေးဝေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောက်ငန္နားစက်အနီး၌ ကျင်းပသည့် ရွှေဘိုမြို့နယ် ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲသို့ ရောက်ရှိသည်။

ရေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ခြံစည်းရိုးကြက်ဆူပင်မျိုးကိုင်းနှင့် မျိုးစေ့တို့ကို ပျိုးအိတ်တွင် ထည့်သွင်းစိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူမျိုးကိုင်း၅၀၀၀၀နှင့် မျိုးစေ့၅၀၀၀၀တို့ တပျော်တပါး စုပေါင်းစိုက်ပျိုးနေသည်ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ရွှေဘိုမြို့ရန်ကြီးအောင် ခန်းမ၌ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် တာဝန်ရှိသူများက ဒေသဆိုင်ရာ အချက်အလက်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှုများကို အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အောင်မြင်ရေးအတွက် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မုံရွာစက်မှုဇုန်ခွဲ(ရွှေဘို)ရှိ ရုပ်ပျို တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂–၃–၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀–၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅–၁း၀၅	"သစ္စာဝင်မှ အားကိုး"တရားတော် (အပိုင်း–၂) (ဆရာတော် ဘဒ္ဒန္တ သောဘဏ)
၈း၀၀–၂း၀၀	Soccer Update
၈း၁၅–၂း၁၅	Sunday Talk [ရုပ်ရှင်ဒါရိုက်တာမောင်တင်ဦး၊ မျိုးမြတ်သူ]
၉း၂၀–၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀–၃း၃၀	တေးဂီတအစီအစဉ်
၉း၄၀–၃း၄၀	ပြည်နယ်ဂုဏ်ဆောင်ငွေတောင်ဆည်
၉း၅၀–၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅–၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀–၄း၀၀	သီးနှံစိုက်ပျိုးအထွက်တိုး (စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင်စိုက်ကြစို့)
၁၀း၁၀–၄း၁၀	တေးဂီတအစီအစဉ်
၁၀း၂၀–၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅–၄း၂၅	လုံခြုံစိတ်ချမိခင်ဘဝ (ပါမောက္ခဒေါက်တာမြင့်မောင်မောင်)
၁၀း၅၀–၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀–၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅–၅း၀၅	Euro Goals
၁၁း၃၀–၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅–၅း၃၅	မြန်ပြည်တွင် ဆီရေချိုးလို့သည်ဆွေမျိုးတို့ ချမ်းမြစေဖို့
၁၁း၅၅း–၅း၅	တေးဂီတအစီအစဉ်
၁၂း၀၀–၆း၀၀	မြို့မကျောင်းရဲ့ရိုးရာပွဲ
၁၂း၁၀–၆း၁၀	လွင်မိုးခရီးသွားနေသည်(အပိုင်း–၆)
၁၂း၄၀–၆း၄၀	နိုင်ငံတကာအနုပညာရေးရာ
၁း၀၀–၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Bolton-Liverpool	ESPN(Live)
၁၀း၂၅	Everton-Portsmouth	ESPN(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Juventus-Fiorentina	5-Cartoons(Live)

❁ (၆၃)နှစ်မြောက်မှ

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသူများနှင့် ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူ ပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ကြံခင်း-ပခုက္ကူ ရထားလမ်း ၃၂၂ မိုင်ကို ကြံခင်း-သရက်လမ်းပိုင်း ၁၁၁ မိုင်၊ သရက်-ပွင့်ဖြူလမ်းပိုင်း ၁၀၀၊ ပွင့်ဖြူ-ပခုက္ကူ လမ်းပိုင်း ၁၁၁ မိုင် စသည်ဖြင့် အပိုင်းသုံးပိုင်းခွဲ၍ ဖောက်လုပ်လျက်ရှိရာ ယနေ့တွင် ကြံခင်း-သရက် လမ်းပိုင်းထဲမှ ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်း ၃၈မိုင်ကို အောင်မြင်စွာ ဖောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်းကို ၂၀၀၆ ခုနှစ် ဩဂုတ် ၁ ရက်တွင် စတင်ဖောက်လုပ်ခဲ့ပြီး တံတားကြီးငယ်ပေါင်း အစင်း ၁၂၀၊ ဘူတာပေါင်း ခြောက်ဘူတာ၊ အများဆုံး ကွေ့ဒီဂရီ ခြောက်ဒီဂရီ၊ ကွေ့ပေါင်း ၃၄ ကွေ့နှင့် အများဆုံး ဆင်ခြေလျှောမှာ ၁ အချိုး ၁၀၀ ဖြစ်ကြောင်း၊ ဆက်လက်ပြီး ဖောက်လုပ်ရန်ရှိနေသေးသည့် ဥသျှစ်ပင်မှ ပခုက္ကူအထိကိုလည်း အပိုင်းလိုက် အမြန်ဆုံး ဖောက်လုပ်ဖွင့်လှစ်နိုင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အသိပေးပြောကြားလိုကြောင်း။

ကြံခင်း-ပခုက္ကူရထားလမ်းကို ဆက်စပ်ဖောက်လုပ် ဖွင့်လှစ်ပေးနိုင်ခြင်းအားဖြင့် မူလက ဖောက်လုပ်ပြီးသားရှိနေသည့် ပုသိမ်-ကြံခင်း ရထားလမ်း၊ ပခုက္ကူ-ကလေး ရထားလမ်းတို့နှင့် ဆက်စပ်သွားပြီး ပုသိမ်မှ ကြံခင်း၊ ပခုက္ကူမှ ကလေးအထိ တစ်ဆက်တစ်စပ်တည်း ရထားဖြင့် သွားလာနိုင်တော့မည်ဖြစ်သကဲ့သို့ ပုသိမ်၊ ကြံခင်း၊ ပခုက္ကူ၊ မုံရွာ၊ ရွှေဘို၊ မြစ်ကြီးနားတို့အထိ ရထားဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်း၊ ယင်းအတွက် ဧရာဝတီမြစ် အနောက်ဘက်ခြမ်း၌ တည်ရှိပြီး လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း အစရှိသည့် တိုင်းကြီး လေးတိုင်း၏ နယ်မြေဒေသများမှသည် ချင်းပြည်နယ်အထိ ဆက်စပ်သွားလာနိုင်ခြင်းဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့လည်း အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲမသွေပင်ဖြစ်ကြောင်း၊ **“ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးဟာ အလွန်အဓိကကျတယ်”** ဆိုသော နိုင်ငံတော်အကြီးအကဲ၏ မိန့်မှာချက်အတိုင်း ဤနယ်မြေ၊ ဤဒေသများအတွက် မဝေးတော့သော အနာဂတ်ကာလတွင် နိုင်ငံတော်အစိုးရ၏ စေတနာ အသီးအပွင့်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အထောက်အကူပြု ရထားလမ်းမကြီးသည်လည်း မိဘပြည်သူများ ရှေ့မှောက်တွင် မျက်ဝါးထင်ထင် တွေ့မြင်ခံစားလာရမည်ဖြစ်ကြောင်း။

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ ကြံခင်း-ဥသျှစ်ပင် ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ ခုနှစ် မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅ မိုင်သာရှိခဲ့ရာ တပ်မတော်အစိုးရလက်ထက်တွင် ယနေ့ဖွင့်လှစ်မည့် ကြံခင်း-ဥသျှစ်ပင်ရထားလမ်း အပါအဝင် ရထားလမ်းအရှည် ၁၂၁၀ဒသမ ၅၁ မိုင် ထပ်မံတိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည့်အတွက် ယနေ့ ရထားလမ်းအရှည်စုစုပေါင်း ၃၁၈၆ ဒသမ ၈၆ မိုင်ကို ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ဆက်လက်၍ ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်း ၁၆ ဒသမ ၁၉ မိုင်၊ ကသာ-ဗန်းမော် ရထားလမ်း ၉၅ မိုင်၊ ဥသျှစ်ပင်-ပခုက္ကူ ၂၈၄ မိုင်တို့ကို ဆက်လက်ဖောက်လုပ်နေဆဲဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံ ပြည်သူတစ်ဦးက ကြံခင်း-ဥသျှစ်ပင် ရထားလမ်းပိုင်း ဖောက်လုပ်ပေးခဲ့ခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာမည်ဖြစ်သည့်အတွက် နိုင်ငံတော်အား ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က ကြံခင်း-ဥသျှစ်ပင်ရထားလမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးများ၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် မြန်မာ့မီးရထားမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကြံခင်းမြို့သို့ စတင်ထွက်ခွာမည့် အထူးရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အထူးရထားသည် ဥသျှစ်ပင်ဘူတာမှ စတင်ထွက်ခွာရာ တိုင်းမှူးများ၊ ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် လိုက်ပါစီးနင်းကြပြီး ခရီးသည်များအား ဖွင့်ပွဲအမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။

တိုက်ရိုက်သွားရောက်နိုင်မည်

ယနေ့ဖွင့်လှစ်လိုက်သော ကြံခင်း-ဥသျှစ်ပင်ရထားလမ်းပိုင်း အရှည် ၃၈ မိုင်သည် ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့ကို ဆက်သွယ်ဖောက်လုပ်ခဲ့သည့် ရထားလမ်းပိုင်းဖြစ်ပြီး ကြံခင်း-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း စုစုပေါင်း အရှည် ၃၂၂ မိုင်၏ ကြံခင်း-သရက် လမ်းပိုင်းအရှည် ၁၁၁ မိုင်အနက် တစ်စိတ်တစ်ပိုင်းပြီးစီးမှုဖြစ်ကာ ကျန်ရှိနေသေးသော ဥသျှစ်ပင်-သရက်လမ်းပိုင်း၊ သရက်-ပွင့်ဖြူလမ်းပိုင်းနှင့် ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း အပါအဝင် ရထားလမ်းအရှည် ၂၈၄ မိုင်ကို ဆက်လက်ဖောက်လုပ်လျက်ရှိရာ အမြန်ဆုံး ပြီးစီးနိုင်ရေးအတွက် မြန်မာ့မီးရထားမှ ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ကြံခင်း-ပခုက္ကူ ရထားလမ်းစီမံကိန်း ပြီးစီးသွားပါက ဧရာဝတီတိုင်းမှ ကြံခင်း-ပခုက္ကူရထားလမ်းဖြင့် မကွေးတိုင်းသို့လည်းကောင်း၊ ကြံခင်း-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းဖြင့် စစ်ကိုင်းတိုင်းသို့လည်းကောင်း၊ ကြံခင်း-ပခုက္ကူ-ချောင်းဦး-ဘုတလင်-ရေဦး-ခင်ဦး-မြစ်ကြီးနား ရထားလမ်းဖြင့် ကချင်ပြည်နယ်သို့လည်းကောင်း တိုက်ရိုက်သွားရောက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ ပထမနေ့ပွဲစဉ်များ ကျင်းပ တွေ့မရှောင်က တံတောင်ရိုက်ချက်ဖြင့် ဒေါင်းညိုလေးကို ပွဲသိမ်းအနိုင်ယူ ဝင်းထွန်း(လယ်/ဆည်)နှင့် စောဇော်လွင်(ရွှေလက်ရာ) ယနေ့ထိုးသတ်မည်

သတင်းနှင့် ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Calsome ကွေကာ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ရန်ပုံငွေ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ပထမနေ့ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ တွေ့မရှောင် (K.L.N)က ဒေါင်းညိုလေး (ဒေါင်းမြန်မာ)ကို ဒုတိယအချီ နှစ်မိနစ် ငါးစက္ကန့်တွင် တံတောင်ရိုက်ချက်ဖြင့် ပွဲသိမ်းအနိုင်ယူသွားသည်။

ယနေ့ပွဲစဉ်များအဖြစ် အထူး ငါးချီစိန်ခေါ်ပွဲ ခုနစ်ပွဲနှင့် သုံးချီစိန်ခေါ်ပွဲ နှစ်ပွဲ ကျင်းပခဲ့ပြီး ငါးချီစိန်ခေါ်ပွဲ၌ ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်းနှင့် တွေ့မရှောင်၊ ကိုဦးလေးတို့ အနိုင်ရရှိပြီး လေးပွဲအရှုံးအနိုင်မပေါ်ဘဲ သရေကျသွားသည်။

ငါးချီစိန်ခေါ်ပွဲ ပထမပွဲစဉ်အဖြစ် စိုးမိုးဟိန်း (နှစ်ရှည်ဥယျာဉ်)နှင့် ကျားသစ်လေး (အလင်းရောင်)တို့ ယှဉ်ပြိုင်ကြသည်။ ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်းနှင့် ပြည်နယ်နှင့်တိုင်း ငွေတံဆိပ်ရ ကျားသစ်လေးတို့ ပထမအချီတွင် ဘတစ်ပြန်၊ ကျားတစ်ပြန်ရှိလှသည်။ စိုးမိုးဟိန်းက ၎င်းအားသာသည့် ဒူးပျံကို ပထမအချီတွင် မသုံးဘဲ ခေါင်းဖြင့် တိုက်ရန်သာ ကြိုးစားသည်။ ပထမအချီ နှစ်မိနစ် စက္ကန့် ၅၀တွင် ကျားသစ်လေးမှာ စိုးမိုးဟိန်း၏ ခေါင်းနှစ်ချက် ဆင့်တိုက်မှုကိုခံရပြီး အနားတောင်းယူရသည်အထိ ဖြစ်ခဲ့ရသည်။ ဒုတိယအချီ ၃၂ စက္ကန့်တွင် စိုးမိုးဟိန်းက ၎င်းအားသာသည့် ဒူးပျံဖြင့် ပွဲသိမ်းကာ အလဲထိုး အနိုင်ရသွားသည်။ ရှုမဝ(ဒေါင်းမြန်မာ) နှင့် စောနေအောင် (ရွှေလက်ရာ)တို့ ပွဲတွင် အချီပြည့်သည်အထိ အရှုံးအနိုင် မပေါ်၍ ပူးတွဲသရေကျသွားသည်။

ဒုတိယပွဲမှာ ထင်သလောက် အကြိတ်အနယ် မရှိခဲ့သော်လည်း ရွှေသိန်းအောင် (နှစ်ရှည်ဥယျာဉ်)နှင့် ကိုဦးလေး (မြို့တော်စည်ပင်) တို့ပွဲတွင် နှစ်ဦးစလုံး အသည်းမာမာ၊ ဖွဲ့ပါပါ ယှဉ်ပြိုင်ကြ၍ ပရိသတ်များ အကြိုက်တွေ့ခဲ့ရသည်။ ကိုဦးလေးရော ရွှေသိန်းအောင်ပါ ခြေ၊ ဒူး၊ လက် အကုန်သုံး၍ ပညာစုံထုတ်ကာ ယှဉ်ပြိုင်ကြသည်။ ဒုတိယအချီ ၅၄ စက္ကန့်တွင် ရွှေသိန်းအောင် ခေါင်းပေါက်ပြီး ဆေးအရှုံးသတ်မှတ်ခံရ၍ ကိုဦးလေး အနိုင်ရရှိသွားသည်။

စစ်အောင် (နှစ်ရှည်ဥယျာဉ်)နှင့် အာကာဟိန်း (မြို့တော်စည်ပင်)တို့ပွဲတွင် နှစ်ဦးစလုံး ရေကုန်ရေခန်း ယှဉ်ပြိုင်ထိုးသတ်ကြသည်။ အားပါလှသော ခြေကန်ချက်၊ ပြင်းထန်သည့် လက်သီးချက်များနှင့် အမှတ်မထင် ရင်ဆိုင်သည့် ဒူးတိုက်ချက်၊ တံတောင်ရိုက်ချက်များကြောင့် စစ်အောင်ရော အာကာဟိန်းပါ အထိနာကြသည်။ တတိယအချီတွင် စစ်အောင်၏ တံတောင်ရိုက်ချက်ကြောင့် အာကာဟိန်း အမှတ်စဉ် ရေတွက်ခံရသည်။ ငါးချီပြည့်သည်အထိ အရှုံးအနိုင်ပေါ်အောင် မယှဉ်ပြိုင်နိုင်၍ အလူးအလဲဖြင့် ပူးတွဲသရေပွဲဖြစ်သွားသည်။ ကျန်စစ်အောင် (အလင်းရောင်)နှင့် ရွှေမင်းရာဇာ (နှစ်ရှည်ဥယျာဉ်)တို့ပွဲမှာလည်း သရေပွဲဖြင့် အဆုံးသတ်သွားသည်။

ရွှေခါးပတ်ချန်ပီယံ စွမ်းအားရှင် (နှစ်ရှည်ဥယျာဉ်)နှင့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှပွဲပြန် ဟိန်းညီညီ (မြို့တော်စည်ပင်)တို့ပွဲမှာလည်း သတ္တိချင်းပြိုင်၊ ပညာချင်း ရင်ဆိုင်ခဲ့ကြသည့် ပွဲတစ်ပွဲဖြစ်သည်။ ဘတစ်ပြန် ကျားတစ်ပြန် ရင်ဆိုင်ထိုးသတ်ကြပြီး သရေပွဲဖြစ်သွားသည်။

ယနေ့ စိန်ခေါ်ပွဲ၏ နောက်ဆုံးပွဲစဉ်ဖြစ်သည့် တွေ့မရှောင် (K.L.N)နှင့် ဒေါင်းညိုလေး (ဒေါင်းမြန်မာ)တို့ ယှဉ်ပြိုင်ကြသည်။ တွေ့မရှောင်က လက်ရည်အသာဖြင့် တောက်လျှောက်ဖိထိုးနိုင်ခဲ့ပြီး ဒေါင်းညိုလေးမှာမူ ထင်သလောက် ထိုးကွက်မရှိခဲ့ပေ။ တွေ့မရှောင်သည် ခြေကန်ချက်၊ ဒူးတိုက်၊ ခေါင်းတိုက်အပြင် တံတောင်ရိုက်ချက်တို့ကို အများဆုံးအသုံးပြု၍ ယှဉ်ပြိုင်သွားပြီး လက်သီးကိုမူ တစ်ခါတစ်ရံမှသာ အသုံးပြုသွားသည်။ ဒုတိယအချီ တစ်မိနစ် ၂၅ စက္ကန့်တွင် တွေ့မရှောင်၏ တံတောင်ရိုက်ချက်ထိမိပြီး ဒေါင်းညိုလေး အနားတောင်းရသည်။

အနားတောင်းပြီး ပြန်လည်ထိုးသတ်ရာ နှစ်မိနစ် ငါးစက္ကန့်တွင် တွေ့မရှောင်၏ တံတောင်ရိုက်ချက် ဒေါင်းညိုလေးမျက်နှာ ထပ်မံထိသွားပြန်ရာ ယခုတစ်ကြိမ်တွင်မူ ဒေါင်းညိုလေး ပြန်မထနိုင်တော့၍ တွေ့မရှောင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။



တွေ့မရှောင်၏ ခြေကန်ချက် ဒေါင်းညိုလေးကို ထိမှန်သွားစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

၂-၃-၂၀၀၈ ငါးချီ စိန်ခေါ်ပွဲများ

ဖွဲ့သတ္တိ (သူရဲကောင်း)	-	အောင်စစ်မင်း (နှစ်ရှည်ဥယျာဉ်)
စောသဲမင်း (K. L. N)	-	အမေ့သား (နှစ်ရှည်ဥယျာဉ်)
မောင်မောင် (နှစ်ရှည်ဥယျာဉ်)	-	မိုက်တိုင်ဆန် (အလင်းရောင်)
ဖိုးကေ (မန္တလေး)	-	မိုက်ခဲကျောက်ပွင့် (မြန်မာပြည်သား)
ဒေါနအောင် (ရွှေလက်ရာ)	-	ရှမ်းသွေးလေး(ဒေါင်းမြန်မာ)
မြနန်းတော် (မြန်မာပြည်သား)	-	စောဂပရေမှူး (တွံတေး)
ဝင်းထွန်း (လယ်/ဆည်)	-	စောဇော်လွင် (ရွှေလက်ရာ)

(ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်း-ကသာ-မြစ်ကြီးနား အမှတ်(၃) ခရိုင်ချင်းဆက်လမ်း စစ်ကိုင်း-ကျောက်မြောင်း လမ်းအပိုင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁

မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း(မန္တလေးဘက်ကမ်း) ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က တံတားတည်ဆောက်ရေးလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဧရာဝတီတံတား (ရတနာပုံ)ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ ခရိုင်ချင်းဆက်လမ်း အမှတ်(၃)၏ မိုင်တိုင်အမှတ် တစ်မိုင် သုံးဖာလုံသို့ ရောက်ရှိကြပြီး စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအင်ဟုတ်နှင့် တာဝန်ရှိသူများက ခရိုင်ချင်းဆက် လမ်းဘေး ၀/ယာတစ်လျှောက်၌ ယူကလစ်၊ စိန်ပန်း၊ တမာ၊ ကုက္ကို၊ မဲဇလီပင်များ စိုက်ပျိုးပြီးစီးမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင် (၁၆)နှင့် (၁၇)ကြားရှိ စည်ပင်သာယာရေးဦးစီးဌာန ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လမ်းဖောက်လုပ်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ *

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကြံခင်း-ဥသျှစ်ပင် ရထားလမ်းပိုင်းဖွင့်ပွဲ ကျင်းပ ဥသျှစ်ပင်မှ ပခုက္ကူအထိ အပိုင်းလိုက် အမြန်ဆုံးဖောက်လုပ်ဖွင့်လှစ်နိုင်အောင် အကောင်အထည်ဖော်သွားမည်

ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၌ တည်ရှိပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် နယ်မြေဒေသများ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲမသွေဖြစ်

ရန်ကုန် မတ် ၁

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ကြံခင်း–ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းတွင် ပါဝင်သော ကြံခင်း–ဥသျှစ်ပင် ရထားလမ်းပိုင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၆ နာရီခွဲတွင် ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ဥသျှစ်ပင်ဘူတာ အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❁

၂၀၀၈ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကြံခင်း–ဥသျှစ်ပင် ရထားလမ်းပိုင်းတွင် ဥသျှစ်ပင်ဘူတာမှ ကြံခင်းမြို့သို့ အထူးရထား စတင်ထွက်ခွာစဉ်။
(သတင်းစဉ်)

ကြေးမုံ The Mirror — ငြိမ်းချမ်းရေးကို နည်းနည်းမှ အထိအခိုက်ခံလို့မဖြစ်တဲ့ အနေအထားဆိုတာ အားလုံးသိသင့်

ကိုယ့်အကျိုးစီးပွားတစ်ခုတည်း ရေတို မျက်မွေးတစ်ထောက်ကို မကြည့်ဘဲ တိုင်းပြည်ရဲ့ ရေရှည်အကျိုးစီးပွားကို ကြည့်သင့်တယ်။ တိုင်းပြည်မှာ တိုင်းရင်းသားလူမျိုးစုတွေက ရာကျော်ရှိနေတော့ ဒီလိုသာ ဖြစ်ချင်တိုင်း အဖြစ်ခံမယ်ဆိုရင် ကိုဆိုဗိုလို အဖြစ်မျိုးတွေ အများကြီး ဖြစ်လာနိုင်တယ်။ ဘယ်လောက် အန္တရာယ်ကြီးမလဲ စဉ်းစားကြည့်ပေါ့။ နှစ်ပေါင်း လေးငါးဆယ် အချင်းချင်းတိုက်ခဲ့ကြတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့တာ ပြောရရင် သိပ်ကြာလှသေးတာ မဟုတ်ဘူး။ ဒီငြိမ်းချမ်းရေးကို နည်းနည်းမှ အထိအခိုက်ခံလို့ မဖြစ်တဲ့ အနေအထားဆိုတာ အားလုံးသိသင့်။

စည်သူအောင်၏ ***"ဘယ်ယုန်မြင်လို့ ဘယ်ချုံထွင်နေကြတာလဲ"*** (ဆောင်းပါး) စာမျက်နှာ— ၈၊ ၉